စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# စစ်သူကြီး မဟာအာလက္ခဇန္ဒါး

# ALEXENDAR THE GREAT


ရဲဘော်မေသန်း



တတိယအကြိမ်

mgyoe.com

ကမ္ဘာကြီးတစ်ခုလုံးကို စိုးမိုးရန် ကြံစည်ခဲ့သူ၊
အရှေ့တိုင်းသွေးနှင့် အနောက်တိုင်းသွေးတို့ ပေါင်းစပ်မှ
ကမ္ဘာကြီး စည်ပင်သာယာမည်ဟု ယုံကြည်ခဲ့သူ၊
စစ်ဘုရင်ကြီး၊ စစ်ပါရဂူကြီး၊ အာရှအင်ပါယာ၏ ဘုရင်ကြီး၊
တပ်သားတို့၏ အချစ်တော်၊
ရှေ့တန်းပျော် ဗိုလ်ချုပ်ကြီး၊
ကမ္ဘာမြေပုံကို သူ့စစ်အတတ်ဖြင့် အသစ်ရေးဆွဲခဲ့သူ–
မဟာအာလက်ဇန္ဒါး ....



NF0060
3,000.00 KS

mgyoe.com

စစ်သူကြီးမဟာအလက္ခဇန်းဒါး ရဲဘော်ပေသန်း
စာမျက်နှာ ၂၅၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀ •၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ ပြည့်စုံစာအုပ်တိုက်၏ ဒုတိယအကြိမ်မှု၊
(ပထမအကြိမ် - ၁၉၈၀)

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgy
mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စစ်သူကြီး
# မဟာအာလက္ခဇန္ဒါး
# Alexander the Great
## (356-323 BC)
## ရဲ့ဘော်ဖေသန်း



တတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

ငါသည် တပ်မှူးကောင်းဖြစ်ရန် မဟာအာလက္ခဇန်းဒါး၊ ဟန္နီဗောနှင့် ဂျူလီယက်ဆီဇာတို့၏ စစ်သမိုင်းတို့ကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုလေ့လာခဲ့သည်။

သင်တို့လည်း တပ်မှူးကောင်းများ ဖြစ်လိုလျှင် သူတို့၏ အတ္ထုပ္ပတ္တိနှင့် သူတို့၏ စစ်ပွဲကြီးများ အကြောင်းကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှု လေ့လာပါလေ။

စစ်ဘုရင် နပိုလီယံ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




မဟာအာလက္ကဇန်းဒါး၏ မာဘယ်ကျောက်သားဖြင့် ထုလုပ်ထားသော ရုပ်တု
၂ ရာစုဘီစီ၊ တူရကီနိုင်ငံ ပါဂမွန်အရပ်၌ တွေ့ရှိသည်

mgyoe.com

mgyoe.com



မဟာအာလက္ကဇန်းဒါးဘုရင် ပါရှန်းတပ်သားများအား နှိမ်နင်းနေပုံ





မဟာအာလက္ကဇန်းဒါးဘုရင် ပိုင်နက်ပြမြေပုံ

mgyoe.com

mgyoe.com




၄ ရာစု ဘီစီက ထုလုပ်ထားသည့် ကြေးရုပ်တု။ အာလက္ကဇန်းဒါးဘုရင်က **Bucephalas**မြင်းကို ယဉ်ကျေးအောင် ပြုလုပ်နေပုံ။ ယင်းမြင်းမှာ အာလက္ကဇန်းဒါး ဘုရင်မှလွဲ၍ မည်သူမျှ သူ့ကျောပေါ်အစီးမခံဟု ဆိုရိုးစကားရှိပါသည်။



စစ်ရထား၊ ပါးရှန်းစစ်မြင်းရထား။
၄ ရာစုဘီစီက လက်ရာကျောက်ထွင်းပန်းပုပုံ။

mgyoe.com

mgyoe.com



မဟာအာလက္ခဇန်းဒါးဘုရင်သည် ရန်သူဘုရင် ဒါရီယပ်ကို
စစ်မြင်းရထားပေါ်မှ စီးချင်းထိုးပြီး ကိုယ်တိုင်တိုက်ပွဲဝင်နေပုံ။



မဟာအာလက္ခဇန်းဒါး စစ်ဝတ်စုံနှင့်ပုံ

mgyoe.com

mgyoe.com

# အခန်း (၁)
# မိဘနှင့်သား
## (ဘီစီ ၃၅၆-၃၄၀)

မာဆေးဒိုးနီးယားပြည့်ရှင် ဖိလစ်ဘုရင်၏ မိဖုရားခေါင်ကြီး အိုလံပီယာသည် (၁၀၆)ကြိမ်မြောက် အိုလံပစ်အားကစားပွဲတော်ကြီး ကျင်းပသည့်နှစ်တွင် ပဲလားမြို့၌ သားဦးရတနာလေးတစ်ပါးကို ဖွားမြင်လေသည်။

ထိုနှစ်ကို ခရစ်ယာန် သမိုင်းသုတေသီတို့က ဘီစီ ၃၅၆ ဟု ခန့်မှန်းကြသည်။

[မာဆေးဒိုးနီးယားတိုင်းပြည်သည် ဂရိတ်ကျွန်းဆွယ် မြောက်ပိုင်းအတွင်း၌ တည်ရှိ၍ အေဂျီယင် ပင်လယ်နှင့် အတော်ပင် အလှမ်းဝေးသည်။ နေထိုင်သော လူမျိုးများမှာ ဂရိတ်လူမျိုး၊ သဲရားဆီးယန်း လူမျိုးနှင့် အီလီရီးယန်းလူမျိုးများ သွေးနှောရာမှ ပေါက်ဖွားလာသော လူမျိုးဖြစ်လျက် ဘုရင်တစ်ပါးတည်း၏ စစ်အာဏာစက်အောက်တွင် စည်းလုံးစွာ နေထိုင်ကြသူများ ဖြစ်သည်]

သားတော်လေး ဖွားမြင်ချိန်တွင် ဖိလစ်ဘုရင်သည် အိုလံပီယာအနီး၌ မရှိ။ ဖိလစ်သည် အိုလံပိုတောင်ကြီး၏ တစ်ဖက်သို့ ရောက်နေသည်။ စင်စစ် ဖိလစ်ဘုရင်သည် စစ်အတတ်၌သာ ဝါသနာထုံ၍ စစ်မြေပြင်၌သာ

mgyoe.com

mgyoe.com
ပျော်သူဖြစ်သည်။

ယခုလည်း ဖိလစ်သည် သဲဆာလီတွင် ပြည်ထောင်ချင်း ဖြစ်ပွားနေသည့် စစ်ပွဲများတွင် ဘက်တစ်ဘက်မှ လိုက်လံတိုက်ခိုက်ပေးနေသည်။

ထိုနှစ်တွင် ဖိလစ်ဘုရင်သည် မဂ်လာသတင်းသုံးရပ်ကို ဆက်တိုက်ဆိုသလို လက်ခံကြားသိလိုက်ရသည်။

သူ၏ စစ်သူကြီး ပါမင်နီယံသည် မြေပြန့်လွင်ပြင်သို့ ဆင်းလုရန် ကျူးကျော်လာသည့် အီလီရီးယန်းတို့ကို တွန်းလှန် မောင်းထုတ်နိုင်လိုက်သည် ဆိုသည့်သတင်း။

သူ၏ မိဖုရား အိုလံပီယာသည် သားဦးရတနာလေး ဖွားမြင်သည် ဆိုသည့် သတင်း။

သူ၏ မြင်းသည် အိုလံပစ်ပွဲတော်ကြီးတွင် အောင်ပွဲရလိုက်သည် ဆိုသည့် သတင်း။

ဖိလစ်သည် အိုလံပီယာအနီးတွင် မရှိသည်ကများသည်။ အမှန်မှု ဖိလစ်ဘုရင်သည် တိုင်းရေးပြည်ရာအတွက် အစဉ်အလုပ်များနေသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းကပင် တောင်ပေါ်သား အီလီရီးယန်းတို့ မြေပြန့်သို့ ဝင်ရောက်ကျူးကျော် တိုက်ခိုက်မှုကြောင့် နောင်တော်ဘုရင် ပါဒီခါးစ်နှင့် မာဆေးဒိုးနီးယန်းစစ်သည် ၄၀၀၀ ကျော်တို့ ကျဆုံးခဲ့ရသည်။ တောင်ပေါ်သား အီလီရီးယန်းတို့တွင် စစ်ရေး ရည်ရွယ်ချက် မည်မည်ရရ မရှိ။ မာဆေးဒိုးနီးယန်း မြေပြန့်လွင်ပြင်သို့ဆင်း၍ တောင်သူလယ်သမားတို့ကို လုယက်တိုက်ခိုက် သတ်ဖြတ်ရန်သာ ဖြစ်သည်။

နောင်တော်လွန်သော် ညီတော်ဖိလစ် နန်းတက်ရသည်။

ဖိလစ်ဘုရင်သည် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော မင်းတစ်ပါးဖြစ်သည်။ အကြောက်ကင်း၍ နူတ်ရေးလိမ္မာ၏။ ဉာဏ်လွှာ၏။ စိတ်၊ ရုပ် အပင်ပန်း အဆင်းရဲခံနိုင်၏။ လုံ့လဥဿဟရှိ၏။ ထိုမင်းရည်မင်းသွေးတို့ကြောင့်ပင် တောင်ပေါ်သားတို့၏ ကျူးကျော်မှုကို ဖိလစ် ဟန့်တားနိုင်ခဲ့၏။ ထိုကြောင့်ပင် မာဆေးဒိုးနီးယားမြေပြန့်နေ လယ်သမားတို့သည် ဖိလစ်အပေါ် ချစ်ခင်လေးစားကြသည်။ ဖိလစ်ဘုရင်သည် ထောင်လွှားမှုကင်းသည်။ တိုင်းသူပြည်သားတို့အပေါ် ရင်ဝယ်သားနှယ် သဘောပိုက်

mgyoe.com

ကာ တိုင်းပြည်၏ အစီးအပွားအတွက် ပြည်ပတွင် နယ်မြေချဲ့နိုင်ရေးအတွက်သာ အာရုံစိုက်နေသည်။ သူ၏ စစ်ရေးစားကျက်သည် ပြည်ပ၏ နယ်နိမိတ်စည်းကြောင်း အပြင်ဘက်၌သာ ရှိသည်။ ဤသည်တို့ အတွက်လည်း မာဆေးဒိုးနီးယားလယ်သမားထု အပါအဝင် လူများစုကြီးက ဖိလစ်၏ နယ်ချဲ့စစ်ပွဲများကို တရားသောစစ်ပွဲအသွင် ထင်မြင်လာသည်။ တိုင်းရေးပြည်ရေးအတွက် စစ်ရေး ကြိုးပမ်းမှုကြီးဟူ၍ပင် သဘောပိုက်ခဲ့ကြသည်။ ယင်းတို့မှာ ပြည့်ရှင် ဘုရင်မင်းမြတ်နှင့် မာဆေးဒိုးနီးယား ပြည်သူ ပြည်သားတို့၏ ဆက်ဆံရေးဟု ဆိုကြစို့။ မိဖုရားခေါင်ကြီး အိုလံပီယာကမူ ဖိလစ်အပေါ် သည်နှယ်မမြင်၊ အထင်လွဲနေသည်။ စင်စစ် မောင်တော်ဖိလစ်သည် စစ်ရေးတွင် အကြောင်းပြပြီး အချစ်ရေးတွေ ငင်နေသည်။ အပျော်ကြူးချင်၍ စစ်ရေး "ထွင်"နေခြင်းဖြစ်သည် စသည်ဖြင့်။ ဖိလစ်သည် ရှေ့တန်းသို့သွားလေတိုင်း မာဆေးဒိုးနီးယား ပြည်သူ အချောအခေါင် အလှသရဖူ တစ်ယောက်စ နှစ်ယောက်စဆိုသလို ခေါ်ဆောင်သွားမြဲ ဖြစ်သည်။ အချို့ကိုမူ တရားဝင်ပင် ထိမ်းမြားလက်ထပ်လိုက်ချေသေးသည် မဟုတ်ပါလား။ သည်အခါ ဖိလစ်ဘုရင် စစ်ထွက်မည်ဟုဆိုလေတိုင်း အပျော်ကြူးရန် သက်သက်ဟူ၍ အိုလံပီယာက လေ့နံ့ဓားထစ် သတ်မှတ်လာခဲ့မိတော့သည်။ ဖိလစ်သည် နန်းတော်ကြီး (သို့မဟုတ်) နေပြည်တော်သို့ ပြန်တော့်ပြန်ခဲ ပြန်လာသောအခါများတွင် သားတော်လေးအပေါ် ချစ်သောနှလုံး ဇနီးအပေါ် ပြုံးသောမျက်နှာဖြင့် ပျူငှာသော အလေ့အထတော့ ရှိပါ၏။

သို့သော် စစ်ထွက် ယောကျ်ားတို့၏ အလေ့အထအတိုင်း ရာသီကောင်း၍ ခြေခင်းသာသည်နှင့် စစ်ထွက်ပြန်သည်မှာ သူ့စရိုက်ပါပေ။ အိမ်တွင်နေချိန် မရှိသလောက်ဟူ၍ပင် ဆိုရမည်။ အကယ်မူ ဖိလစ်ဘုရင် သည် ပြည်ပရန်ကို လက်မလည်အောင် ကာကွယ်နေရသည်။ အနောက်မြောက်အရပ်တွင် တောင်ပေါ်သား အီလီရီးယန်းတို့ကတစ်ဖက်၊ အရှေ့အရပ်တွင် သဲရာဆီးယန်းတို့က တစ်ဖက်။ ယင်းရန်နှစ်ရန်ကြားတွင် ပိုင်အိုနီးယန်းတို့က တစ်မှောင့်။ ထိုရန်သူတို့သည် မာဆေးဒိုးနီးယန်းဘုရင် ဖိလစ်၏ အားနည်းချက်ကို အမြဲရှာဖွေနေကြသူများဖြစ်၏။ ယင်းတို့အချင်းချင်း ယာယီ မဟာမိတ်ပြု၍ ဖိလစ်ဘုရင်ကို တိုက်ခိုက်ရန် ကြိုးစားနေကြသည်မှာ အစဉ်

mgyee.com

mgyoe.com

အလာသဖွယ် ဖြစ်နေသည်။ သို့ရာတွင် သူတို့သည် ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျလှသည့် လူရိုင်းဘုရင်များသာ ဖြစ်ကြသည်။ သူတို့အချင်းချင်း ယာယီမဟာမိတ်ပင်ဖွဲ့၍မရ။ ယင်းတို့ ပျော့ကွက်ကို ဖိလစ်က ကြို၍ သိထားသည်။ ဖိလစ်သည် သေးဘဲစ်မြို့ပြနိုင်ငံတွင် သုံ့ပန်းအဖြစ် နှစ်အတန်ကြာမျှ နေထိုင်ခဲ့ဖူးသည်။ ထို့ကြောင့်လည်း သူတို့အထာ၊ သူတို့ဓလေ့ကို ထုံးကျွမ်းနေသည်။ သူတို့ မဟာမိတ်ဖွဲ့မည့် အကြံအစည်ကို ကြိုတင်ပုံမိထားသည်။ ထိုအခါက သေးဘဲစ်သည် စပါတာကို အောင်နိုင်ခဲ့ဖူးသည်။ ထို့ကြောင့် ပါရှားက သေးဘဲစ်သို့ ပဋ္ဌမံတပ်သား အများအပြား လွှတ်ခဲ့သည်။ သေးဘဲစ်ကို အာရုံစူးစိုက်လာသည်။ ထိုအတွေ့အကြုံတို့က ဖိလစ်အား ထောက်လှမ်းရေးပညာကို သင်ကြားပေးခဲ့သည်။ လူရိုင်းဘုရင်တို့ ယာယီ မဟာမိတ်ဖွဲ့၍ ထောင်ထားလာမည်ဟူသော သတင်းကို ကြားရသော အခါ ဖိလစ်သည် မိမိလေးသည်တော်များဖြင့် ပိုင်အိုးနီးယန်း ပြည့်ရှင်ဘုရင်ကို ခြိမ်းခြောက်ကာ မိမိနှင့်ငြိမ်းချမ်းရေး သီးခြားစာချုပ် ချုပ်ဆိုရန် အကျပ်ကိုင်လိုက်သည်။

ဤနည်းဖြင့် ဖိလစ်ဘုရင်သည် အရှေ့နှင့် အနောက်မြောက်နယ်မြေရှိ ရန်သူတို့ကို ထိန်းချုပ်နိုင်ခဲ့သည်။ ထို့ကြောင့်လည်း ဖိလစ်ဘုရင်နှင့် ပတ်သက်၍ ဂရိတ်သမိုင်း သုတေသီတို့သည် ထိုခေတ်ကာလအတွင်း ဖိလစ်ဘုရင် လှုပ်ရှားမှုတို့နှင့်ပတ်သက်၍ မျက်ခြည်ပြတ်သွားခဲ့ရခြင်း ဖြစ်နိုင်သည်။

အိုလံပီယာ၏ဝမ်း၌ သားဦးရတနာလေးမှာ နောင်သော် စစ်အတတ်ဖြင့် ကမ္ဘာမြေပုံကို ပြောင်းလဲရေးဆွဲမည့် စစ်ဘုရင်ကြီး မဟာအာလက္ခဇန်းဒါး လောင်းလျာပင် ဖြစ်ပါပေ၏။

အာလက္ခဇန်းဒါးသည် မိခင်၏ အုပ်ထိန်းမှုအောက်၌ ကြီးပြင်းရသူဟု ဆိုရမည်။ ဖခင်မှု ညှိုးနွမ်းသော ရုပ်သွင်၊ စုတ်ပြတ်သော ကိုယ်ဝတ်တို့ဖြင့် ပြီးသော စစ်ပြန်ယောကျ်ားကြီးအဖြစ်သာ ရံခါဆိုသလို မြင်ရတတ်သည်။ သည်ကြားထဲ ဖခင်ကြီး ဖိလစ်သည် မျက်စိတစ်ဖက်ကလည်း လပ်နေချင်သေးသည်။ [အာလက္ခဇန်းဒါး သုံးနှစ်သားအရွယ်က ဖိလစ်သည် အာသင်တို့၏ ခံတပ်ကို စီးနင်းရင်း မျက်စိတစ်ဖက်လပ်ခဲ့ခြင်းဖြစ်သည်] သူ့ဖခင်နှင့် ပတ်သက်၍ အာလက္ခဇန်းဒါး မှတ်မိသည်မှာ ဖခင်ကြီးသည် သူ့အပေါင်း

mgyoe.com

အဖော် မုတ်ဆိတ်ထူလပျစ်နှင့် လူထွားကြီးများကို ခေါ်လာလေ့ရှိသည်။ ထိုလူကြီးတို့သည် ကိုယ်တွင် ဗလာကျင်း၍ ဝတ်လစ် စားလစ်ရှိသည့်တိုင် ခါးမှဓားများကိုမူ မချွတ်။ သေရည်ကြူးလာလျှင် ဓားတစ်ပြက် တုတ်တစ်ပြက် ရှိတတ်ချေသေးသည်။

ငယ်စဉ်ဘဝက သူ့ဖခင်နှင့် ဆက်ဆံရေးကို သည်မျှလောက်သာ မှတ်မိသည်။ သို့ရာတွင် အာလက္ခဇန်းဒါးလေး ကြီးလာသောအခါ ဖခင်ကြီးကဲ့သို့ပင် ယစ်ရွှေရည်ကို တမက်တမော ခုံမင်လာသည်။ သူ့ရဲဘော်ရဲဘက်များနှင့်အတူ တွဲသောက်သည့် အလေ့အထလည်း ထုံလာသည်။ ထိုရင်းနှီးမှုတို့ကြောင့် အာရှတိုက် စစ်ပွဲများတွင် သူ့ရဲဘော်များ၏ ရဲဘော်စိတ် တုံ့ပြန်မှုကိုလည်း ရရှိခဲ့ခြင်းဖြစ်သည်။ သူတို့သည် သေရည်ကြူးသလောက် ရန်သူကိုလည်း ရဲရဲဝံ့ဝံ့ ရင်ဆိုင်သည်။ အာလက္ခဇန်းဒါးနှင့် သူ့ရဲဘော်ရောင်းရင်းတို့သည် သူတို့တပ်တွင် သူတို့ခေါင်းဆောင်ပိုင်း လူစုလောက် ဒဏ်ရာရသူဟူ၍ ခိုင်းနှိုင်းစရာမရှိသလောက် ထင်ရှားခဲ့သည်။

စင်စစ် ခမည်းတော်ဖိလစ်သည် လူယဉ်ကျေးဖြစ်သည်။ မာဆေးဒိုးနီးယန်း ဘုရင်တို့သည် သူတို့ကိုယ်တွင်း၌ ဂရိတ်သွေးပါသည်ကို ဂုဏ်ယူလေ့ရှိကြသည်။ ဂရိတ်လူမျိုးတို့သည် ယဉ်ကျေးကြသည်။ စာပေကျွမ်းဂန် ကဗျာ လင်္ကာတို့၌ ကျွမ်းကျင်သည်။ ဂရိတ်သွေးပါသော မာဆေးဒိုးနီးယန်းဘုရင်တို့သည်လည်း ကဗျာ လင်္ကာ ပုံတိုပတ်စတို့၌ ကျွမ်းကြသည်။ စာပေနှံ့စပ်ကြသည်။

အိုလံပီယာမှာမူ နန်းထက်၌ ဖွားလျက် မင်းသွေးစင်စစ်ဖြစ်သော်လည်း အယူသီးသည်။ အရည်းကြီးဂိုဏ်းဝင်ဟု ဆိုရချိမ့်မည်။ လပြည့်ဝန်းအောက်တွင် ဝတ်လစ်စားလစ်ကမည်။ အဆိပ်ပြင်းသောမြွေတို့ကို လက်မောင်းနှင့် ကိုယ်အင်္ဂါတို့ပေါ်တွင် ရစ်ပတ်လျက်ကမည်။ သည်အယူဝါဒမျိုးတို့ကို ဆည်းကပ်သည်။ သည်နှယ် တောင်ထိပ်ကပွဲသဘင်တစ်ခု၌ ဖိလစ်နှင့် စတင်တွေ့ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က နှစ်ဦးစလုံး ငယ်ကြိုက်လည်းဖြစ်ကြသည်။

ဖိလစ်က အသက် ၂၀ ရှယ်ဟု ဆိုနိုင်မည်။ လူငယ်တို့ဘာဝ သူ့တွင် တာဝန်မရှိသေး။ အချိန်တွေက တစ်ပုံတစ်ပင် သုံး၍ မကုန်၊ သဲသောင်းစ်

mgyoe.com

mgyoe.com

မြို့တွင်ကျနေသည့် သုံ့ပန်းဘဝမှ လွတ်မြောက်စဉ် နောင်တော်ဘုရင်က လည်း နိုင်ငံတော်ကို အုပ်စိုးနေစဉ် အားလပ်ခိုက်ကာလတွင် "ခါဘောရှိုင်" မိန်းမလှကျွန်း၏ လျှို့ဝှက်နက်နဲမှုများကို စူးစမ်းရန် အလည်ရောက်ခဲ့သည်။

အိုလံပီယာကလည်း နုနုငယ်ငယ်၊ သူမ၏ ခမည်းတော် ဘုရင် ချီးမြှင့်အပ်သော ပင်တိုင်ဆောင်နန်းမှ ခွာကာ ယဇ်သဘင်ဆင်နွှဲရန် မိန်းမလှ ကျွန်းရှိ တောင်ထိပ်သဘင်ပွဲသို့ မောင်ငယ်လေးနှင့်အတူ ရောက်လာခဲ့သည်။

ချစ်ခြင်းအစ မျက်စိက။

လူငယ်တို့ဘာဝ တွေ့ကြသည်၊ ဆုံကြသည်၊ ချစ်ကြသည်။

နောင်တော်ဘုရင် ပါဒီးခါးစ် စစ်မြေ၌ အသက်ကြွေရသည့် နှစ်၌ပင် ဖိလစ်နှင့် အိုလံပီယာတို့ ထိမ်းမြားခဲ့ကြသည်။ ဖိလစ်သည် လုပ်ကြံတိုက်ခိုက် ရန် ခက်ခဲသော တိုင်းနိုင်ငံကိုမှ သိမ်းပိုက်လိုသည်။ အထိန်းအကွပ်ကျပ်သော မိန်းမကိုမှ လိုချင်သည်။

အိုလံပီယာသည် စိတ်စရိုက် ကြမ်းကြုတ်သည်။ စုန်းမသဖွယ် ဖြစ်သည်။ ရုပ်လှသလောက် စိတ်နေကြမ်းလှသည်။ သူမကိုမှ တမင်ရွေး၍ ဖိလစ်က မိဖုရားမြှောက်သည်။ ဖိလစ်သည် သူမအပေါ် မေတ္တာသဒ္ဒါ ပွားခဲ့ ပါသည်။ အခါခပ်သိမ်း စည်းစိမ်ဥစ္စာတို့ဖြင့်လည်း ကုံလုံစေခဲ့ပါသည်။ အကြောင်းကလည်း တစ်ဖက်ရှိခဲ့သည်။ သူမသည် ရုပ်ရည်တင့်တယ်ရုံမျှ မက အမျိုးကလည်း မြတ်သည်။ ဂရိတ်ပြည်တစ်ဝန်းတွင် သူတို့အမျိုးသည် အကြီးဆုံးဖြစ်သည်။ အစဉ်အလာလည်း မသေးငယ်လှ။ သူတို့နှင့် ရန်သူ ဖြစ်ခြင်းထက် မိတ်ဆွေဖြစ်ခြင်းက ပို၍ အကျိုးရှိနိုင်သည်။ ထိုအမျိုးကြီး အဆွေကြီးသမားတို့ကို အကြင်လင်မယားအဖြစ် ပေါင်းသင်းမိလျှင် အပေါ့ အတန်သဘောထား၍မရ။ လျစ်လျူရှု၍ မဖြစ်။ သူတို့ မိဘမောင်ဖွား ဆွေမျိုး များက ဖိလစ်သည် အိုလံပီယာအား သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်း ခြင်းနှင့် ခင်ပွန်းကောင်းဝတ္တရားနှင့် ပြည့်စုံစွာ တင့်တောင့်တင့်တယ်ထားခြင်း တို့သည် မဆန်းလှချေတကား။

ဖိလစ်သည် အိုလံပီယာကို ချစ်ပါ၏။ သို့သော် တစ်နှစ်ပတ်လုံး တော့ မိဖုရားဆောင်တွင် မနေနိုင်။ သူသည် ဘုရင်တစ်ပါးဖြစ်သည်။ ဘုရင် တွင် ဘုရင့်တာဝန်တော့ ရှိရပေလိမ့်မည်။ မိမိနယ်နိမိတ် ပိုင်နက်စည်း၏

mgyoe.com

mgyoe.com
ပြင်ပတွင် အလွယ်သိမ်းပိုက်နိုင်သော နယ်မြေတို့ရှိနေသည်။ ထိုနယ်မြေတို့က သိမ်းလှည့်ပါ၊ ယူလှည့်ပါဟု လက်ယပ်ခေါ်နေသယောင်ပင် ရှိတော့သည်။

သည်မျှမူ အိုလံပီယာ သဘောပေါက်တန် ကောင်းပါသည်။ နား လည်မှု ရှိတန်ကောင်းပါသည်။ ဖိလစ်ဘုရင်က အိုလံပီယာအပေါ် သည်မျှ အထိတော့ မျှော်လင့်ထားသည်။ သို့ရာတွင် အိုလံပီယာက နားမဝင်။ ဖိလစ် ၏ အချိန်တို့ကို တိုး၍တောင်းဆိုလာသည်။ ဖိလစ်သည် စစ်သားကြမ်းကြီး သက်သက်မဟုတ်။ နှုတ်ရေးကြွယ်ပြီး သံရေး တမန်ရေး, ပရိယာယ် လိမ္မာ သူဖြစ်သည်။ သို့ရစေ အိုလံပီယာအား နားချရေးကိုမူ နောက်ဆုံးတွင် လက် လျှော့လိုက်ရတော့သည်။ ဤသို့ စိတ်သဘောချင်း ဖီလာဆန့်ကျင်လာသော အခါ လူနေချင်းလည်း တစ်စတစ်စ ဝေးလာကြသည်။

သားတော်လေး ပြုစုပျိုးထောင်ရေးကိုမူ မိဘနှစ်ပါးစလုံးက အပေး အယူမျှတအောင် အားထုတ်ကြပါ၏။ သားတော်လေး လူ့ပြည်သို့ရောက်ပြီး တစ်နှစ်အကြာတွင် မယ်တော် အိုလံပီယာ၌ သမီးတော်လေး ကလီယိုပါ ထရာကို ဖွားမြင်သည်။ သည့်နောက်တွင်မူ အိုလံပီယာတွင် သားသမီး ဆက်လက် မထွန်းကားတော့ချေ။

တစ်နှစ်ကာလ၏ လေးပုံသုံးပုံသော အချိန်တို့သည် ဖိလစ်ဘုရင် စစ်မြေပြင်သို့ ရောက်နေသောအချိန်များ ဖြစ်သည်။ မောင်တော်အဝေးရောက် လေတိုင်း အိုလံပီယာသည် သားတော်လေးကို ရင်ဝယ်ထွေး၍ ဖြေသိမ့်နေရ သည်။ ချစ်ရလွန်း၍လည်း သားတော်လေး၏အလိုကို အတိုင်းအဆမရှိ စည်းပေါင်မထား၊ ကလနားမသတ်၊ အလိုလိုက်သည်။ ဘေးလူများ၏ အမြင်တွင် အိုလံပီယာသည် သားတော်လေးကို ကြိုးစားပမ်းစား ဖျက်နေ သည်ဟူ၍ ထင်ရဖွယ်ရှိသည်။

ဖိလစ်သည် အနေဝေးသော်လည်း သားတော်လေး နောင်ရေးကိုမူ အလေးပေးသည်။ သတိမချွတ်ခဲ့၊ အမှုမဲ့မနေ။ သားတော်လေးကို အိုလံပီယာ မဖျက်ဆီးနိုင်ရေးနှင့် သားတော်လေး ပညာသင်ကြားရေးအတွက် အိုလံပီယာ ၏ အမျိုးထဲမှပင် အမျိုးသားဆရာတစ်ဦးကို ခန့်ထားကာ သားတော်လေး အား အဆုံးအမ အသင်အကြား ပြုစေခဲ့သည်။

ဤလွန်ပွဲတွင် အိုလံပီယာ အောင်ပွဲခံနိုင်သည်ဟု ဆိုရပေမည်။
mgyoe.com

mgyoe.com

အချိန်ကလည်း အပြည့်ရှိသည်။ အခြေအနေကလည်း ပေးနေသည်။ စင်စစ် အိုလံပီယာသည် သားတော်လေး အာလက္ခဇန်းဒါးထက် အသက်နှစ်ဆယ်မျှ သာကြီးသည်။ အရွယ်မကျ၊ အလှမပြုန်း။ မိန်းမတို့အလှ အပေါ်လွင်ဆုံး အချိန်ဟူ၍ပင် ဆိုနိုင်သည်။ သားအပေါ် မိခင်ဩဇာ မည်မျှသြောင်းနိုင်သည်ကို အလွယ်ပင် စဉ်းစားကြည့်နိုင်သည်။

ဖခင်နှင့် အနေဝေး၍ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းရသော သားသည် မိခင်ကို ကိုးကွယ်စိတ် ပေါ်တတ်မြဲဖြစ်သည်။ အရှုံးထဲကအမြတ်၊ အပြစ်ထဲက အကျိုးတစ်စုံတစ်ရာတော့ ရလိုက်ပါ၏။ သက်လတ်ပိုင်း မိခင်နှင့် တရင်းတနှီး ဆက်ဆံခဲ့ရသောကြောင့် အာလက္ခဇန်းဒါး လူလားမြောက်၍ အာရှစစ်ပွဲ ဆင်နွှဲရသောအခါ အာရှ၏သက်လတ်အရွယ် မိဖုရားတို့နှင့် ဆက်ဆံရေးတွင် အထူးတလည် ပြေပြစ်ချောမောသည်ကို တွေ့ရှိရသည်။

မည်သို့ရှိစေ အိုလံပီယာသည် အာလက္ခဇန်းဒါးလေး ပတ်ဝန်းကျင် စူးစမ်းစအရွယ်တွင် သားရှေ့၌ ဖိလစ်အပေါ် မကျေချမ်းချက်တို့ကို မဆင်မခြင် ပြောမိကောင်း ပြောမိမည်။ ကလေးတို့၏ စိတ်သည် နုလှ၏။ အစွဲအထင်လွယ်၏။ ဤသည်တို့ကို အိုလံပီယာသည် စဉ်းစားမိဟန် မတူတကား။ ထိုအကြောင်းများကြောင့်ပင် အာလက္ခဇန်းဒါးလေးသည် ခမည်းတော်နှင့် ဆက်ဆံရာတွင် ခပ်စိမ်းစိမ်းဖြစ်လာသည်။ ကြွပ်ဆတ်ဆတ်၊ မာကျောကျော၊ အပေါ်ရေတင်းတင်းလေးတွေ ရှိလာသည်။

ဖိလစ်ဘုရင်သည် သူ့အပေါ် မချေမငံ ဆက်ဆံလာလျှင် အိုလံပီယာမှလွဲ၍ ခွင့်လွှတ်လေ့ရှိသူမဟုတ်။ သို့ရာတွင် အာလက္ခဇန်းဒါးလေး၏ မရိုကျိုးမချေငံသည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာလေးများကို ဖခင်၏ ချစ်ခြင်းမေတ္တာဖြင့် ခွင့်လွှတ်သည်။ ဆုံးမစရာရှိလျှင် ရိုက်မောင်းပုတ်မောင်း မလုပ်၊ ကျိုးကြောင်းပြ၍ ဆုံးမလေ့ရှိသည်။

သွေးလိုက်လျှင် အရောင်အသွေး တောက်ပြောင်လာမည့် ကျောက်ရိုင်းတစ်ပွင့်အဖြစ် သားကို မြင်ထားသည်။ ဖိလစ်သည် မိမိဉာဏ်စွမ်းရှိသရွေ့ သား၏ ပညာရေးကို စနစ်တကျ စီမံခန့်ခွဲသည်။ မည်နှယ်ရှိစေ အာလက္ခဇန်းဒါးလေး၏ နုနယ်သော နှလုံးပြင်ဝယ် မိဘနှစ်ပါး၏ ပဋိပက္ခသည် သံကညစ်ဖြင့် ကမ္ပည်းတင်သည့်နှယ် အရေးအကြောင်း ထင်သွားမည်သာ

mgyoe.com

mgyoe.com


ဖြစ်သည်။ သေရွာတိုင် အမာရွတ်ပါသွားနိုင်သည်သာ ဖြစ်သည်။ ထို အကြောင်းကြောင့်လည်း ကမ္ဘာ့သမိုင်း၏ စာမျက်နှာတစ်ခန်းကို အသစ်ပြန် ပြင်ရေးခဲ့ရခြင်း ဖြစ်သည်ဟု သမိုင်းသုတေသီတို့က ကောက်ချက်ချခဲ့ခြင်း ဖြစ်ပေသည်။ အာလက္ခဇန်းဒါးလေးသည် ခမည်းတော်က မယ်တော်ကိုလွန် ၍ အငယ်အနှောင်းများကို ထားလာသည့်အကြောင်းနှင့် မယ်တော့်အပေါ် သစ္စာမဲ့ပုံတို့ကို နားမဆံ့သာ ကြားနေရင်း ကြီးပြင်းလာရသောအခါ အရွယ် ရောက်သည်တွင် လိင်ကိစ္စနှင့်ပတ်သက်၍ သွေးအေးလွန်းနေသည်။ အဆုံး ဆိုရသော် ဖိုမဆက်ဆံရေးကို ရွံရှာ စက်ဆုပ်နေခြင်းဖြစ်သည်။

တိုင်းတစ်ပါးဘုရင်တို့နှင့် ဆက်ဆံရသော သံရေးတမန်ရေး ကိစ္စ တို့၌ပင် သမီးကညာဆက်သည့် ကိစ္စများ ပါဝင်ပတ်သက်လာလျှင် အာလက္ခဇန်းဒါးက ခါးခါးသီးသီး ပယ်ချပုတ်ထုတ်မြဲဖြစ်သည်။

အာလက္ခဇန်းဒါးသည် အသက်နှစ်ဆယ်အရွယ်တွင် ခမည်းတော် ဖိလစ်ကွယ်လွန်၍ နန်းရသည်။

ဖိလစ် လက်ထက်တော်မှ အာလက္ခဇန်းဒါး လက်ထက်တိုင် ဦးဆွေးဆံမြည့် အမှုတော်ထမ်းခဲ့သော ဘုရင်အကြံပေး သုခမိန်အဖွဲ့သည် အာလက္ခဇန်းဒါးအား တောတောင်မျက်မည်း အာရှစစ်မျက်နှာများသို့ မသွားမီ မာဆေးဒိုးနီးယန်း၊ နန်းညွန့်၊ နန်းလျာ ထီးမွေခံ နန်းမွေခံတစ်ဦး ထားရစ်နိုင်ရေးအတွက် သင့်ရာအမျိုးကောင်းသမီးထဲမှ ရွေးချယ်ထိမ်းမြားရန် အကြံပြုခဲ့သည်။

**"စစ်ဘုရင်တစ်ပါးအတွက် မဟာဝန်ကြီးတို့သည် ငံ့လင့် နေကြသည်။ မိန်းမ တစ်ရံတစ်ယောက်အတွက်ငှာ ရမယ်ရှာ၍ အချိန်အဖင့်အလေး မရှိစေသင့်"**

ယင်းသည့်စကားရပ်မှာ ဘုရင့်အကြံပေး သုခမိန်အဖွဲ့၏ အကြံပေးချက် နှင့် စပ်လျဉ်း၍ အာလက္ခဇန်းဒါး၏ ယတိပြတ် အဖြေပါတည်း။ နောင် နှစ်အတန်ကြာ၍ အောင်ပွဲရစစ်ဘုရင်ကြီး ဖြစ်လာသောအခါ လူတို့က သူ့အား လူစစ်သားမဟုတ်၊ "နတ်စစ်သည်"ဟူ၍ လည်းကောင်း၊ "ဘုရား သားတော်"ဟူ၍ လည်းကောင်း ချီးပကြရာတွင် အာလက္ခဇန်းဒါးက သည်နှယ်ပြန်ဖြေသည်။

mgyoe.com

mgyoe.com


**"ငါ၏ ကိုယ်ခန္ဓာ နွမ်းနယ်မှုနှင့် တဏှာပေမ မကင်းနိုင်သေးမှုတို့သည် ငါ့အား စင်စစ် လူသာမန်သာဖြစ်သည်ဟူ၍ သတိပေးနေသကဲ့သို့ ရှိပေသည်"**

အာလက္ခဇန်းဒါးသည် အသက်(၂၈)နှစ်အရွယ်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး အသက် (၃၃)နှစ်တွင် ကွယ်လွန်လေသည်။ ထီးမွေနန်းလျာ မထားရစ်နိုင်ဘဲ ကွယ်လွန်သွားခြင်းဖြစ်သည်။ သူ့တွင် တရားမဝင်သော သားတစ်ယောက်တော့ ရှိခဲ့ဖူးသည်။ ထိုကလေးမှာလည်း သူကွယ်လွန်ပြီးနောက်မှပင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ထိုကလေးကို နောက်ပိုင်းတွင် တိုင်းရေးထက် ကိုယ်ကျိုးကို မက်သော စစ်သူကြီးတို့က သုတ်သင်ပစ်လိုက်ကြသည်။ အာလက္ခဇန်းဒါး ချဲ့ထွင်ခဲ့သော အင်ပါယာကြီးမှာ အပြောကျယ်လှသည်။ ထိုအင်ပါယာကြီးကို ထိန်းချုပ်ကွပ်ကဲထားရန် မလွယ်။ တစ်နေ့သော် ပြိုကွဲရမည်မှာ နိုင်ငံရေးဓမ္မတာသာ ဖြစ်သည်။

သို့ရာတွင် မာဆေးဒိုးနီးယန်းမင်းဆက် ပြတ်သွားခြင်းသည် ထိုအင်ပါယာကြီး အချိန်စောစီးစွာ ပျက်ပြုန်းသွားရခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သည်ဟု သမိုင်းသုတေသီတို့က ဆိုစမှတ်ပြုကြရသည်။

အာလက္ခဇန်းဒါး၏ ငယ်စဉ် ပညာရေးဘဝမှာ လီယိုနီဒတ်စ်၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ လီယိုနီဒတ်စ်သည် စည်းကမ်းကြီးသော ဆရာတစ်ဦးဖြစ်သော်လည်း နိမ့်ချသော စိတ်ဓာတ်ရှိသည်။ စင်စစ် အာလက္ခဇန်းဒါး၏ ဆရာဟု ဆိုရငြားလည်း အထိန်းတော်ကြီးဆိုသည့် အမည်သည်သာ နန်းတစ်ခွင်တွင် ကျယ်နေသည်။ ထိုရာထူးသည် ကိုယ်တိုင်မင်းမျိုးမင်းနွယ်ဖြစ်သည့် လီယိုနီဒတ်စ်အဖို့ အများအမြင်တွင် သိမ်ငယ်နေသည်။ လီယိုနီဒတ်စ်သည် သည်းခံပါ၏။ အာလက္ခဇန်းဒါးလေးကို တွယ်တာသည့် သံယောဇဉ်လည်းပါသည်။

လီယိုနီဒတ်စ် လက်အောက်တွင် ဆရာများစွာ ရှိသေးသည်။ ထိုဆရာတို့သည် အာလက္ခဇန်းဒါးလေးအား အရေးအဖတ်အတွက် ဂဲသြမေထရီ၊ ဂီတတို့အပြင် မြင်းစီး လှံလွှတ် စသည့် အိုလံပစ်အားကစားသူရဲကောင်းတို့ တတ်အပ်သည့် အတတ်ပညာတို့ကို သင်ကြားပေးလေသည်။

အထိန်းတော် တာဝန်နှင့် ပတ်သက်၍ လီယိုနီဒတ်စ်တွင် လက်

mgyoe.com

mgyoe.com


ထောက်တစ်ဦးရှိသည်။ ထိုသူ၏ အမည်မှာ လိုင်စီမာကော့စ် ဖြစ်သည်။ လိုင်စီမာကော့စ်သည် ကလေးတို့၏ သဘာဝကိုသိသည်။ ထို့ကြောင့်လည်း နောင်တွင် အာလက္ခဇန်းဒါး၏ ခင်မင်မှုကို ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ လိုင်စီမာကော့စ်နှင့် အာလက္ခဇန်းဒါးလေးတို့သည် ဟန်ဆောင်သော ကစားနည်းများကို ကစားလေ့ရှိကြသည်။ လိုင်စီမာကော့စ်က အာလက္ခဇန်းဒါးအား အားကစားသူရဲကောင်း "အာချီးလိစ်" ဟူ၍ လည်းကောင်း၊ ဖိလစ်ဘုရင်ဟူ၍လည်းကောင်း ခေါ်သည်။ သူ့ကိုယ်သူမူ အာချီးလိစ်ကို စောင့်ရှောက်သော ပီလီးယုစ်ဟု ဆိုသည်။ ဤဟန်ဆောင် ကစားနည်းကို အာလက္ခဇန်းဒါးသည် အလွန်နှစ်ခြိုက်လေသည်။

အာလက္ခဇန်းဒါးသည် အပြေးအလွန်သန်သည်။ သူနှင့်ရွယ်တူမှန်လျှင် ပြိုင်ဘက်အား တစ်လံ နှစ်လံ အသာပေး၍ ပြိုင်သည့်တိုင် အနိုင်ရသည်ချည်းဖြစ်သည်။ စင်စစ် အာချီးလိစ်သည် အမိမျိုးဘက်မှ သူရဲကောင်းတစ်ဦးဖြစ်သည်။ ထို့ကြောင့် အာလက္ခဇန်းဒါးသည် သူ့ကိုယ်သူ ဒုတိယအာချီးလိစ်ဟုထင်နေသည်။ အဖေ့ဘက်၌ သူရဲကောင်း "ဟီးရာကဲလိစ်" သည် အာရှတိုက် အပါအဝင် ရေကြောင်းမှ ကမ္ဘာအနှံ့ ခရီးဆန့်ခဲ့သူဖြစ်သည်။ ထိုကမ္ဘာအနှံ့ခရီးကို အာလက္ခဇန်းဒါးသည် ပြောသံကြားနှင့် မကြာခဏ အိပ်မက် မက်နေသည်။ ငယ်စဉ် အာလက္ခဇန်းဒါး၏ အပေါင်းအသင်းများ အနေဖြင့်လည်း မာဆေးဒိုးနီးယန်း မှူးမတ်တို့၏ သားသမီးများသာမက ဂရိတ်ပြည်မှ လာရောက်ခိုလှုံနေကြသော လူစွန့်စားများနှင့် သူကြွယ်တို့၏ သားသမီးများလည်းပါသည်။

သူတို့သည် အာလက္ခဇန်းဒါးနှင့်အတူ ကြီးပြင်းလာခဲ့ကြသည်။ စစ်ပညာ သင်ကြားရာတွင်လည်း တစ်တပ်တည်း၊ စစ်တိုက်ရာတွင်လည်း ကျောချင်းကပ်၊ ထိုသူငယ်များထဲတွင် ဟယ်ဖေရှင်ဆိုသည့် လူငယ်တစ်ဦးလည်း ပါဝင်သည်။ အရပ်အမောင်းကောင်းသည်၊ ခန့်ချောချောသည်။ အားကစားသမားကောင်းတစ်ယောက်လည်း ဖြစ်သည်။ ပညာရည်လည်း ကုံလုံသည်။ အယူအဆရေးရာ၌မူ မိဘရိုးရာဘက် ရှေးရိုးနွယ်သည်။ အာလက္ခဇန်းဒါးသည် ဟယ်ဖေရှင်ကို အတော်ပင် ခင်သည်။ ဟယ်ဖေရှင်ကလည်း အာလက္ခဇန်းဒါးအပေါ် သံယောဇဉ်ကြီးသည်။

mgyoe.com

နောက်တစ်ယောက်မှာ တိုလေမိ။ သူသည် မာဆေးဒိုးနီးယန်း အနောက်တောင်တန်းသားတစ်ဦးဖြစ်ပြီး နောင်တွင် မင်းဆက်တစ်ခုကို တည်ထောင်ခဲ့သည်။ ယင်းတည်ထောင်သော မင်းဆက်သည် အီဂျစ်ကို နှစ်သုံးရာမျှ အုပ်စိုးခဲ့လေသည်။ နောက်တစ်ယောက် နီးယားခေါ့စ်၊ ကရိတန်လူမျိုးဖြစ်သည်။ နောင်တွင် အိန္ဒိယသမုဒ္ဒရာအနှံ့ စူးစမ်းခဲ့သူဖြစ်သည်။

ဟာပါးလို့စ်၊ မာဆေးဒိုးနီးယန်ပဒေသရာဇ် မင်းညီမင်းသားတစ်ဦးဖြစ်သည်။ သူ့ကို အာလက္ခဇန်းဒါးက ရွှေတိုက်စိုးခန့်ခဲ့သည်။ နှစ်အတန်အကြာတွင် အာလက္ခဇန်းဒါးထံ ပြန်လည် သစ္စာခံသဖြင့် အာလက္ခဇန်းဒါးက မူလရာထူးကို ပြန်လည်အပ်နှင်းခဲ့သည်။ အာလက္ခဇန်းဒါးသည် အဖေတူသားဟု ဆိုရမည်။ မြင်သူတကာ ခညောင်းစေသော ဘုန်းသမ္ဘာနှင့် ပြည့်စုံသည်။ စိတ်နေတည်ကြည်လေးနက်သည်။ သက်လုံကောင်းသည်။ ခက်ခဲသောအလုပ်ကိုမှ လုပ်ချင်သည်။ အခက်အခဲကို ကျော်လွှားနိုင်သည်ကို ဂုဏ်ယူလိုသည်။ အာလက္ခဇန်းဒါးသည် စာဖတ် အလွန်သန်သူတစ်ဦးလည်းဖြစ်သည်။ ဂရိတ်လူငယ်တို့၏ သဘာဝအတိုင်းပင် ထရွိုင်းမြို့၏ ဒဏ္ဍာရီပုံပြင်များကို စွဲစွဲလမ်းလမ်း မပျင်းမရိ အကြိမ်ကြိမ်ဖတ်ခဲ့သည်။

နောင်သောအခါ စာဖတ်အလေ့ ထုံ၍ စာစုံဖတ်ခဲ့သည်။ ကဗျာလင်္ကာတို့ကိုပင် ဝါးစားသလို နှုတ်ငုံကျက်လာသည်။ နောင်တွင် ဂရိတ်စာဆိုကြီး ဟိုးမားရေးသည့် အီးလီးယတ် (ခေါ်) သူရဲကောင်း သရုပ်ဖော်လင်္ကာရှည်ကို စစ်ထွက်တိုင်း အဖော်အဖြစ် သယ်ဆောင်ခဲ့သည်။

စစ်မြေပြင်တွင် စခန်းချ ရပ်နားစဉ် သူ့ဓားနှင့် အီးလီးယတ်စာအုပ်ကြီးသည် သူ့ခေါင်းအုံးဖြစ်ခဲ့သည်။ အီးလီးယတ် သူရဲကောင်းသရုပ်ဖော်လင်္ကာရှည်ကြီးမှာ သူ့အတွက် စစ်ပညာလက်စွဲကျမ်းဖြစ်သည်ဟု နောင်သောအခါ ဆိုလေ့ဆိုထ ရှိခဲ့လေသည်။

သူ့စကား မှန်လည်း မှန်သည်။ စစ်သူကြီး အဂ္ဂါမင်နွန်နှင့် နတ်စတော်တို့သည် အာလက္ခဇန်းဒါးအား စစ်ပညာ မည်မည်ရရ သင်ပေးလိုက်ရသည်ဟု မရှိခဲ့။ ဟိုးမား၏ သူရဲကောင်းသရုပ်ဖော် လင်္ကာရှည်စာအုပ်ကြီးဖြစ်သည့် "အီးလီယတ်"သာလျှင် အာလက္ခဇန်းဒါးကို စစ်ပညာသင်ပေးသည့် ကျမ်းတစ်ဆူ ဖြစ်ခဲ့သည်။

mgyoe.com

"အီးလီးယတ်"တွင် စစ်ပွဲ၌ စစ်ခေါင်းဆောင်တို့၏ အရည်အသွေးနှင့် အရေးပါပုံကို ဖော်ပြထားသည် မဟုတ်ပါလား။ အာရှတိုက်စစ်ပွဲများ ဆင်နွှဲနေသည့်ကာလ၌ပင် အာလက္ကဇန်းဒါးသည် သူ၏ ရှေ့တိုက်စိုးဟားပါးလို့စ်အား သူ့ထံ စာအုပ်များ အဆက်မပြတ် ပို့ပေးရန် မှာကြားလေ့ရှိသည်။

အာလက္ကဇန်းဒါးနှင့် တွေးခေါ်မြော်မြင်ရှင် အရိစတော်တယ်လ်တို့၏ ဆက်ဆံရေးကို ဤနေရာ၌ အလေးထား၍ ဖော်ပြရန် လိုအပ်ပေသည်။ အရိစတော်တယ်လ်၏ ဝါဒမှာ လက်တွေ့နှင့်ကိုက်ညီသော ဒီမိုကရေစီနိုင်ငံမျိုးကို မျှော်မှန်းသည်။ လူတစ်ဦးတစ်ယောက်၏ စွမ်းရည်ကို အဓိကမထား၊ နိုင်ငံကို ဥပဒေအရသာ အုပ်ချုပ်ရမည်ဟု တရားဥပဒေစိုးမိုးရေးကိုသာ အဓိကထားသည်။ လူသည် အဖွဲ့အစည်းဖြင့်သာ နေတတ်သော သတ္တဝါဖြစ်၍ နိုင်ငံသည် အဓိကဖြစ်သည်ဟုဆိုသည်။ နိုင်ငံသားတို့က အာဏာအပ်နှင်းခြင်းခံရသည့် အစိုးရအဖွဲ့သည် နိုင်ငံကို ဥပဒေအရသာ အုပ်ချုပ်ရမည်။

နိုင်ငံကို အုပ်ချုပ်ရာတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူ၍ အာဏာသုံးရပ်ခွဲ၍ အုပ်ချုပ်ရမည်ဟု အရိစတော်တယ်လ်က ဆိုသည်။ ယခုအခါ အာလက္ကဇန်းဒါးသည် အဆိုအတီးလည်း တတ်ပြီ။ အပြောအဟောလည်း တတ်ပြီ။ အားကစားတွင်လည်း ထူးချွန်နေပြီ မှန်ပါ၏။

သို့ရာတွင် ခမည်းတော်ဖိလစ်က မိမိ၏ ထီးမွေ နန်းလျာဖြစ်သည့် အာလက္ကဇန်းဒါးကို သည်မျှနှင့် ပညာ ရပ်တန့်မသွားစေချင်သေး။ စစ်ပညာ၊ သံတမန်ရေးရာတို့နှင့် ပတ်သက်၍ နောက်မှ လက်ထပ်သင်ပေးမည်ဟု ဖိလစ်က ရည်ရွယ်ထားသည်။ လတ်တလောတွင်မူ သားတော်လေးသည် ပညာရေးအခြေခံ ခိုင်ရန်အတွက် တွေးခေါ်မြော်မြင်မှုပညာရပ်နှင့် ကဗျာ၊ လင်္ကာ စာပေအရေးအသား စီကုံးဖွဲ့နွဲ့မှုပညာရပ်တို့တွင် ကျွမ်းကျင်လိမ္မာရန် လိုအပ်သည်ဟု ယူဆသည်။ ထိုဘာသာရပ်နှစ်ရပ်ကလည်း ကျယ်ဝန်းနက်ရှိုင်းလှသည်။ တွေးခေါ်မြော်မြင်မှု ပညာရပ်တွင် သိပ္ပံပညာရပ်အားလုံး ပါဝင်နေသည်။ စာပေပညာရပ်ဆိုရာ၌လည်း ကဗျာ လင်္ကာ အဖွဲ့အနွဲ့တို့သာ

mgyoe.com

mgyoe.com


မက အပြောအဟောပါ ပါဝင်သည်။ နိုင်ငံရေး သိပ္ပံပညာရပ်ဟုပင် ဆိုရဖွယ် ရှိသည်။

သည်ကြားထဲ ထိုခေတ်ကာလက ကိုယ့်စရိတ် ကိုယ်စားကြ၍ ဟောပြောပို့ချနေသော အီးဆိုကရားတဲ့စ် အပါအဝင် ဆိုးဖစ်တို့ကလည်း သမိုင်းဘာသာရပ်ကိုပါ အခမဲ့ ပို့ချနေကြသည်။ ဆိုးဖစ်တို့၏ အယူအဆမှာ သစ်လွင်သည်မှန်သော်လည်း ဂရိတ်လူနေမှုစနစ်ကို ပိုကောင်းမွန်လာအောင် မပြုလုပ်နိုင်ခဲ့ကြချေ။ မည်သို့ရှိစေ ဖိလစ်သည် ဆိုးဖစ်တို့ သမိုင်းဘာသာရပ် သင်ကြားပို့ချပုံကို သဘောကျသည်။ ရှေးမင်းတို့သည် ထိုပညာရပ်ကို သင်ကြားဖူးသည်ဟူ၍ မကြားဘူးခဲ့။ တစ်ဖက်တွင်လည်း ရန်သူမြို့ပြနိုင်ငံ ဖြစ်သည့် သေးဘဲစ်ကိုလည်း တစေ့တစောင်းကြည့်မိသည်။ သေးဘဲစ်မှ ခေါင်းဆောင်ပီလိုပီဒတ်စ်နှင့် အီပါမင်နွန်ဒတ်စ်တို့သည် ဂရိတ်တစ်ဝန်း ဩဇာသက်ရောက်သည့် ပညာရှင်များဖြစ်ကြသည်။

တစ်ချိန်က ပီလိုပီဒတ်စ်သည် စစ်တပ်လည်းမပါ၊ ကိုယ်ရံတော်လည်း မမည်သော လူတစ်စုနှင့် မြောက်ဘက်သို့လာခဲ့သည်။ လာရင်းကိစ္စမှာ မာဆေးဒိုးနီးယားပြည်နှင့် အိမ်နီးချင်းနိုင်ငံတို့ ဖြစ်ပွားနေသည့် အရေးအခင်းများကို ကြားဝင်ဖြေရှင်းပေးရန် ဖြစ်သည်။ သို့ရာတွင် ဖိလစ်၏ ခမည်းတော်ဘုရင်လည်း ကံကုန်ခိုက် တောင်ပေါ်သား အီလီးရီးယန်းတို့ ကလည်း မြေပြန့်ကို ဝင်ရောက်စီးနင်းခိုက်တွင် ဘယ်နည်းဘယ်ပုံ ဖြစ်ပွားလေသည်တော့ မသိ၊ အီလီးရီးယန်းတို့ လက်ဝယ်ဖမ်းမိထားသော ဖိလစ်ကို ပီလိုပီဒတ်စ်က အီလီးရီးယန်းတို့လက်မှ သုံ့ပန်းအဖြစ် သေးဘဲစ်သို့ ခေါ်ယူသွားခဲ့လေသည်။

ဖိလစ်ဘုရင်နောင်တော် ပါဒီးခါစ်နှင့် ဒီမိုကရေစီသစ်နိုင်ငံ ထူထောင်ထားသော သေးဘဲစ်နိုင်ငံမှ ခေါင်းဆောင်တို့ အကြည်အသာရှိကြ၍သာ ဖိလစ် သုံ့ပန်းအဖြစ်မှ လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။

ထိုအတွေ့အကြုံများက ဖိလစ်အား မည်သည့်ပညာများ ပေးရစ်ခဲ့ပါသနည်း။ ဖိလစ်သည် သေးဘဲစ်၌ အီပါမင်နွန်ဒတ်စ် ခေါင်းဆောင်သော ခေတ်တွင် ဂရိတ်ယဉ်ကျေးမှုစံများကို လေ့လာခွင့်ရခဲ့ခြင်းပင်ဖြစ်သည်။ ထိုစံများကို သားလေး အာလက္ခဇန်းဒါးအတွက် နမူနာဖြစ်စေချင်သည်။

mgyoe.com

mgyoe.com


ဖိလစ်သည် တစ်ခါတစ်ရံ နှုတ်ရေးသည် စစ်ရေးထက် အရေးပါပုံကို အတွေ့အကြုံအရ သင်ခန်းစာရခဲ့သည်။

ပမာဆိုပါစို့။

ဖွဲ့စည်းစ စစ်ရည်မဝသေးသော စစ်တပ်ကြီးကို အုပ်ချုပ်စဉ်ကာလမျိုး မိမိနိုင်ငံအပေါ် ရန်စောင်နေသည့် အိမ်နီးချင်းနိုင်ငံ လေးနိုင်ငံအနက် တစ်နိုင်ငံကို အပြတ်အသတ် အနိုင်ယူနိုင်ရေးအတွက် ကျန်သုံးနိုင်ငံကို ယာယီ ချစ်ကြည်ရေးဖွဲ့ရန် လိုအပ်သည့်အခါမျိုးတို့ ဖြစ်ပါ၏။ ထို့ကြောင့် သားလေး ကို စစ်ရေးတွင် မိမိကိုယ်တိုင် လက်ထပ်သင်ပေးနိုင်သော်လည်း နှုတ်ရေးကြွယ်ရန်အတွက် ဆရာတစ်ယောက်ကို မျက်စိဖွင့်ရှာတော့သည်။ ဤတွင် ဖိလစ်သည် အရိစတော်တယ်လ်ကို သွားတွေ့သည်။ မှတ်ဉာဏ်ကလည်း စွယ်စုံကျမ်းသဖွယ် ဖြစ်သည်။ မေးရာ ထောက်ရာကို မဖြေနိုင်၊ ဖျဉ်နိုင်သည်။ အာရိစတော်တယ်လ်သည် ပလာတို၏ တပည့်ရင်းလည်း ဖြစ်သည်။

ဖိလစ်သည် သားအတွက် ဆရာကောင်းရရေးကို အချိန်ပေး၍ ရွေးခဲ့ကာ နောက်ဆုံး အရိစတော်တယ်လ်သည်သာ အာလက္ခဇန်းဒါး၏ ဆရာဖြစ်သင့်သည်ဟု ဆုံးဖြတ်လိုက်တော့သည်။ ဖိလစ်သည် မိငါမည်သောအရပ်ရှိ လယ်မြေတစ်ကွက်တွင် ဘုရင့်တက္ကသိုလ်တစ်ခုကို ဖွင့်လှစ်ခဲ့လေသည်။ အာလက္ခဇန်းဒါး၏ ရောင်းရင်းများဖြစ်ကြသော တိုလေမီ၊ ဟာပါးလို့စ်နှင့် အခြားဖွားဖက်တော်တို့သည်လည်း အာလက္ခဇန်းဒါးနှင့် အတူပင် ဘုရင့်တက္ကသိုလ်တွင် ပညာရင်နို့သောက်စို့ခွင့် ရခဲ့ကြမည်ဟု ယူဆရသည်။

ထိုကျောင်းပရိဝုဏ်အတွင်းတွင် ဆရာနှင့်တပည့်တို့သည် ငြင်းခုံခြင်းဖြင့် အမှန်တရားကို ရှာဖွေရင်း အမေးအဖြေ အငြင်းအခုံ ပြုနေကြပေလိမ့်မည်။ ထိုစကြံလေးကို နှောင်နှစ်ပေါင်း ၄၀၀ ကြာသည့်တိုင် ရောမ အင်ပါယာပြည့်ရှင်တို့သည် ပြည်ပခရီးသည်များအား ပြသနေပေသေးသည်။

ဆရာတပည့်တို့ ဆွေးနွေးကြမည့် ဘာသာရပ်တို့ကလည်း မည်မျှပင် အပြောကျယ်နက်ရှိုင်းမည်ကို အလွယ်ပင်ခန့်မှန်းနိုင်ပါ၏။ "ဒဿနိက ဗေဒ ဘာသာရပ်"ဟူသော ခေါင်းစဉ်အောက်တွင် သိပ္ပံပညာအားလုံး ပါဝင်

mgyoe.com

mgyoe.com

သည်။ စာပေပရိယတ္တိဟူသော ဘာသာရပ်တွင် သမိုင်းဘာသာနှင့် နိုင်ငံရေး သိပ္ပံတို့ ပါဝင်သည်။

အာရိစတော်တယ်လ်သည် တွေးခေါ်မြော်မြင်ရှင် တစ်ဦးမျှသာမက ကဗျာဆရာတစ်ဦးလည်းဖြစ်သည်။ ထို့ပြင် ဖိလစ်နှင့် အာလက္ခဇန်းဒါး သားအဖတို့၏ ဆန္ဒနှင့်ကိုက်ညီစွာလည်း အာရိစတော်တယ်လ်သည် ပါးရှင်းဆန့်ကျင်ရေးဝါဒီ ဖြစ်သည်။

အာလက္ခဇန်းဒါးသည် သုခမိန်ကြီး အာရိစတော်တယ်လ်ကို ရိုကျိုး ဆည်းကပ်ရုံမျှမက ခင်တွယ်၍လည်း နေလေသည်။ အာရှစစ်မြေပြင်တို့မှပင် ဆရာ့ထံ စာဖြင့် ဆက်သွယ်လေ့ရှိသည်။ ဆရာနှင့်ပတ်သက်၍ သူပြောလေ့ပြောထ စကားတစ်ခုလည်းရှိသည်။

**ခမည်းတော်သည် ငါ့အား အသက်ကိုပေးခဲ့၏။ ဆရာ သခင် တွေးခေါ်မြော်မြင်ရှင်သည် ငါ့အား လူ့လောကတွင် လူနှင့် တူစွာ နေထိုင်နိုင်ရန် ပညာပေးခဲ့၏။**

သူသည် ဆရာ့ကို ဖခင်နှင့်မခြား ချစ်သည်ဟုဆိုသည်။ အာရိစတော် တယ်လ်၏ သင်ကြားမှုတို့တွင် ပါရှားကိုသိမ်းရန် ဂရိတ်ပုံစံ မြို့ပြနိုင်ငံများကို စစ်ရေးအရ အချက်အချာကျသော နေရာများတွင် တည်ထောင်စိုက်ထူထား ရန်လည်း ပါဝင်ပေလိမ့်မည်။ ဤနည်းဖြင့် မာဆေးဒိုးနီးယား တောင်တန်း များက မပေးနိုင်သော အစီးအပွားများကို အာလက္ခဇန်းဒါး ရရှိလာလိမ့် မည်ဟူသော သင်ခန်းစာများလည်း ပါကောင်းသည်။

ပမာဆိုပါစို့။

ခမည်းတော်ဖိလစ် အဝေးသို့ ရောက်နေခိုက် ပါရှင်းသံတမန်များ နန်းတော်သို့ ရောက်လာသည်။ ဖိလစ်ဘုရင် ပြန်ရောက်လာသောအခါ ပါရှင်းသံတမန်တို့ကို သားတော်လေးက ကောင်းစွာ ထိန်းသိမ်းထားနိုင် သည်ကို တွေ့လိုက်ရ၏။

အာလက္ခဇန်းဒါးလေးက သံတမန်တို့အား ၎င်းတို့နိုင်ငံ၏ အညာ အကြေအရပ်တို့အကြောင်း၊ ခရီး အကွာအဝေးတို့အကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးအကြောင်းတို့ကို မေးနေရုံမျှမက ပါရှင်းတို့၏ ရာဇာဓိရာဇာ သည် မာဆေးဒိုးနီးယန်းဘုရင်တို့ကဲ့သို့ စစ်သည်ကျော်များ ဟုတ်၊ မဟုတ်

mgyoe.com

ပါရှင်းစစ်သည်တော် အရေအတွက်ပါ ပါဝင်လေသည်။ သည်အခါ ပါရှင်းသံကြီးတို့သည် အာလက္ခဇန်းဒါးလေးအပေါ် အထင်ကြီးကာ ချစ်ခင် မြတ်နိုးသွားကြလေသည်။

အင်ပါယာချဲ့ထွင်နိုင်ရေးသည် စစ်ဘုရင်တို့၏ မဟာတာဝန်ကြီးဖြစ်သည်ဟူသော အစွဲအလမ်းပေါ်တွင် အာလက္ခဇန်းဒါးသည် ကြီးပြင်းလာခဲ့လေသည်။

အခြေအနေအရပ်ရပ်တို့ကလည်း သည်အတိုင်းပင် တောင်းဆိုနေသည်။ ဖိလစ်ဘုရင် စတင်တည်ထောင်ခဲ့သော မာဆေးဒိုးနီးယန်း ခေတ်မီစစ်တပ်ကြီးကို ပြည်တွင်းဝင်ငွေ၊ ပြည်တွင်းသယံဇာတတို့ဖြင့် မထောက်ပံ့နိုင်။ ပြည်ပ နယ်ချဲ့ခြင်းဖြင့် ပြည်ပငွေရမှသာ ဆက်လက် ထိန်းသိမ်းထားနိုင်ပေမည်။

အာလက္ခဇန်းဒါး နန်းရသည့်ကာလသည် ငြိမ်းချမ်းနေသည်ဖြစ်၍ အလေ့ထုံသော အာလက္ခဇန်းဒါးလို စစ်ဘုရင်အချို့သည် တိုင်းပြည် အကြွေးတင်နေသည်ကို အကြောင်းပြကာ ရမယ်ရှာ၍ နယ်ချဲ့မည်မှာလည်း သဘာဝပင် ဖြစ်သည်။

ထိုခေတ်ကာလက မိမိအိမ်နီးချင်းတို့ကို ချစ်ရန်၊ စာနာရန် ဟူသော ခရစ်တော်၏ အဆုံးအမကလည်း မပေါ်သေး။

တစ်ဖန် ဥရောပတွင် လူနေမှုအဆင့်အတန်း အမြင့်မားဆုံးသော ဂရိတ်နှင့် ဂရိတ်အနွယ်ဝင်တို့သည် သူတို့၏ အိမ်နီးချင်းနိုင်ငံများကို လူရိုင်းများဟု အထင်သေးကာ ထိုလူရိုင်းများအတွက် တစ်စုံတစ်ရာမျှ သူတို့တွင် တာဝန်မရှိဟု ယူဆတတ်ကြသည်။

အာရိစတော်တယ်လ်ကို တွေးခေါ် မြော်မြင်ရှင်တစ်ဦးမျှသာမက ကဗျာဆရာတစ်ဦးဟုလည်း အထက်တွင် ဖော်ပြခဲ့ပါသည်။ သူ့ကဗျာတစ်ပုဒ်တွင် ဘုရင်တစ်ပါးကို ပါရှင်းနိုင်ငံမှ ဖမ်းဆီးသွားခဲ့ရာ ထိုဘုရင်သည် သူ့ရဲဘော်ရဲဘက်တို့ကို သစ္စာမဖောက်ဘဲ ရဲရဲဝံ့ဝံ့ အသေခံသွားသည်ဟု ဖွဲ့ဆိုထားလေသည်။

စာဆို "ဟိုးမား"၏ လင်္ကာရှည်ကြီးတွင်လည်း ရဲဘော်များဖြစ်ကြသည်ဟူသော အစွဲသည် သူ့နှလုံးသားတွင် ကိန်းဝပ်လာသည်။ ထို့အပြင်

mgyoe.com

mgyoe.com

အာရိစတော်တယ်လ်၏ အဆုံးအမတို့တွင်လည်း နိုင်ငံခေါင်းဆောင်သူရဲကောင်းဘုရင်တို့သည် မဟာလူသားများ ဖြစ်ကြသည့်အလျောက် သူကို နှုတ်ထွက်စကားသည် ဥပဒေများဖြစ်သည်၊ စသည့်စကားများလည်း ပါဝင်သည်။

ထိုသို့ အထင်ရောက်စေရန် အာဇာနည်ယောကျ်ားတို့၏ လက္ခဏာများကိုလည်း အာလက္ခဖန်းဒါး၌ ငယ်စဉ်ကပင် တွေ့ရသည်။ ပမာဆိုပါစို့။

သဲဘာလီမြို့သား ဖိလိုနီကော့စ်ဆိုသော မြင်းကုန်သည်သည် ဘောကီဖားလတ်စ် အမည်ရှိသော စစ်မြင်းတစ်စီးကို ဖိလစ်ဘုရင်ထံလာ၍ ရောင်းချခဲ့သည်။ ခေါ်ဈေးကလည်းမနည်း။ ရွှေစင်ပေါင်သုံးထောင် ပေးရမည်ဟု ဆိုသည်။ ၎င်းမြင်းသည် မြင်းဝါသနာပါသူတိုင်း ငေးကြည့်ရလောက်အောင် လှသည့် မြင်းချော မြင်းသန့်ကြီး ဖြစ်သည်။ မြင်းကောင်းတို့၏ ကြန်အင်လက္ခဏာနှင့်လည်း အစစ ပြည့်စုံသည်။ ထို့ကြောင့်လည်း မြင်းရှင်က သူ့မြင်းကို ဖိလစ်ဘုရင် မလွဲမသွေ ဝယ်လိမ့်မည်ဟု တထစ်ချ ယုံကြည်ထားသည်။

ဖိလစ်ကိုယ်တိုင်ကလည်း မြင်းဝိဇ္ဇာဖြစ်ပြီး မြင်းဇွေကို ကြည့်ရုံဖြင့် မြင်း၏ စိတ်နေသဘောထားကို အကဲဖြတ်နိုင်သူဖြစ်သည်။ သို့ရာတွင် ဖိလစ်သည် သူ့ကိုယ်သူ စိတ်မချသေးဘဲ သူ့ကိုယ်ရံတော်တပ်မှူးတို့ကိုပါ မြင်းကြည့်ရန် ခေါ်ခဲ့သည်။

မြင်းမှာ မြင်းထီးဖြစ်ပြီး ဂရိတ်မြင်းတို့တွင် ထွားကျိုင်းသည်ဟု ဆိုရမည်။ မြင်း၏ အရောင်မှာလည်း ကျီးတောင်နှယ်နက်ကာ၊ ကတ္တီပါနှယ် အရောင်တဖိတ်ဖိတ် လက်နေသည်။ မြင်းဦးခေါင်းတွင် အဖြူရောင် ကြာဖောက်ထားသည်။ ထိုကြာ၏ပုံမှာ ဦးချိုနှစ်ဖက်ထွက်နေသည့် နွား၏ ဦးခေါင်းနှင့်သဏ္ဍာန်တူလှသည်။ ထိုနွားဦးသဏ္ဍာန်နှင့် တူသည့်ကြာကို ရည်၍လည်း မြင်း၏အမည်ကို ဘောကီးဖားလတ်စ်ဟု အလွယ်ပင် ပေးခဲ့ခြင်း ဖြစ်သည်။

မြင်းသည် စိတ်လှုပ်ရှားနေသည်။ သူ့အနီးတွင် ရပ်နေသည့် မင်းပရိသတ်တို့ ဝတ်ဆင်ထားသည့် ဖြူ နီ ကြောင် ကျား ဝတ်ရုံကြီးများကြောင့်လည်း မြင်းသည် သူတိုင်းကို ရန်သူဟု ထင်နေသည်။ ထို့ကြောင့် ဖိလစ်

mgyoe.com

mgyoe.com
ခေါ်ခဲ့သော မြင်းသည်ကျော်တို့သည် မြင်းပေါ်သို့ တက်နိုင်ရန်ဝေးစွ၊ မြင်းနား သို့ပင် မသီနိုင်ဖြစ်နေကြသည်။ မြင်းကျောပေါ်သို့ ကံအားလျော်စွာ ရောက် ပြန်ကလည်း မြင်းက ပတတ်ရပ်ကာ ခါချပစ်သည်။

ရှေးခေတ် ဂရိတ်တို့သည် မြင်းစီးရာတွင် ခြေနင်းကွင်းတပ်၍ စီးလေ့မရှိ။ ထိုအကြောင်းကလည်း မြင်းအဖို့ မိမိကျောပေါ်ကလူကို ခါချရန် ပို၍ လွယ်ကူစေသည်။ ကြာသောအခါ ဖိလစ်သည် မြင်းကိုရော မြင်းသည် ကျော်တို့ကိုပါ စိတ်ပျက်လာသည်။ သူ့အချိန်တွေ အလဟဿကုန်နေရ သည်ဟု ထင်လာသည်။ နောက်ဆုံးတွင်မူ ဖိလစ်က မြင်းကိုဆွဲထုတ်သွား ရန် အမိန့်ပေးလိုက်တော့သည်။

ထိုအချိန်တွင် ခမည်းတော်အနီး၌ရပ်နေသော အာလကွဇန်းဒါး လေးက "လူမိုက်တွေ မြင်းကောင်းတစ်ကောင်ကို အလကား၊ လက်လွှတ်ပစ် တယ်" စသည်ဖြင့် မြည်တွန်တောက်တီးကာ မြင်းကို ဝယ်ဖြစ်အောင်ဝယ်ရန် ဖခင်ကြီးကို ပူဆာနေတော့သည်။ ခဏမျှတော့ ဖိလစ်သည် သား နားပူ နားဆာလုပ်နေသည်ကို သည်းခံနေသေးသည်။ ကြာသော် နားပူလာသဖြင့် သားဘက်လှည့်၍ ခပ်ဆတ်ဆတ် မေးလိုက်သည်။

"မင်းဟာကို ငါ့မြင်းထိန်းတွေ၊ မြင်းသည်ကျော်တွေထက်များ ပိုတော်တယ်လို့ မင်းကိုယ်မင်း ထင်နေသလား၊ သူတို့တောင် အနားမသီနိုင် ဘဲနဲ့ မင်းက ဘာလုပ်နိုင်ဦးမှာလဲ"

"ဒီမြင်းကို ကျွန်တော် ဒီပြင်လူတွေထက်တော့ ပိုနိုင်ပါလိမ့်မယ်"

"ကိုင်း...ကောင်းပြီကွာ၊ မင်းစကားနဲ့မင်း၊ မညီရင် မင်း နှုတ်မဆင် ခြင်မှုအတွက် မင်းကို ငါ ဘာအပြစ်ပေးရမှာလဲ"

"ဒီမြင်းကို ကျွန်တော် ဝယ်လိုက်မှာပေါ့"

သားအဖနှစ်ယောက်၏ အပြန်အလှန်စကားကို ကြားရသောအခါ အနီးရှိ မင်းပရိသတ်တို့က "ဝါး"ခနဲ ဝိုင်းရယ်လိုက်ကြသည်။

ဤတွင် ဖိလစ်သည် သားအား မြင်းဝယ်ခွင့်ပေးရန် ဆုံးဖြတ်လိုက် ရတော့သည်။ မြင်းပေါ်မှလိမ့်ကျလျှင် သားဖြစ်သူ ဇက်ကျိုးမည်ကိုလည်း စိုးရိမ်နေသည်၊ လိမ့်ကျဖို့ကလည်း များနေသည်။ မြင်းသည်ကျော်တို့ အနားမျှပင် မသီနိုင်သောမြင်းကို ကလေးမျှသာဖြစ်သည့် သားငယ်က စီးမည်
mgyoe.com

mgyoe.com

ဆိုတော့ ခွင့်ပြုသင့်၊ မပြုသင့် အတန်စိတ်တင်းပြီးမှ ဆုံးဖြတ်လိုက်ရတော့သည်။

မည်သို့ရှိစေ မြင်းပေါ်မှ လိမ့်ကျသည့်တိုင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသော၊ နှုတ်ရဲဇက်ရဲရှိလှသော လူငယ်တော့ အနည်းနှင့်အများဆိုသလို သင်ခန်းစာ ရသွားလိမ့်မည်ဟု တွက်လိုက်မိသည်။

"ကောင်းပြီကွာ၊ စိန်လိုက်"

အဖေနှင့်သားသည် လူကြီးများ တကယ် အလောင်းအစားလုပ်နေသည့် ပုံစံမျိုးဖြင့် အသီးသီး မျက်နှာပိုးသတ်ကာ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

အာလက္ခဇန်းဒါးလေးသည် မြင်းဆီသို့ ခပ်တည်တည်ဖြင့် ထွက်သွားသည်။ မြင်းအနီးသို့ ကပ်မိလျှင် မြင်းဇက်ကြိုးကို ဆွဲကိုင်လိုက်ပြီး မြင်းခေါင်းကို နေဘက်သို့ လှည့်ပေးလိုက်သည်။

စောစောက မြင်းသည်ကျော်တို့ စမ်းကြစဉ်က အာလက္ခဇန်းဒါး သတိပြုမိထားသော အချက်ကလေးများ ရှိထားသည်။ ဤအချက်တို့မှာ အခြားမဟုတ်၊ မြင်းအနီးသို့ ချဉ်းကပ်သူတိုင်းသည် မြင်းစီးဝတ်ရုံကြီးတို့ကို တဖားဖားဝတ်ထားကြသည့်ပြင် နေရောင်ဘက်မှလည်း ဝင်ကြသဖြင့် ထိုဝတ်ရုံကြီးတို့၏ အရိပ်တို့မှာ မြင်းအတွက် ကြောက်လန့်ဖွယ်ရာ ဖြစ်နေသည်။ ထိုအချက်ကို သတိပြုမိသော အာလက္ခဇန်းဒါးသည် မြင်းဦးခေါင်းကို နေဘက်သို့လှည့်စေပြီး သူ့ကိုယ်ရိပ် မထိုးနိုင်သည့်ဘက်မှ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဤမျှအထိတော့ အောင်မြင်သွားချေပြီ။

သို့ရာတွင် အာလက္ခဇန်းဒါးသည် မြင်းကျောပေါ်သို့ ဖြုန်းခနဲ မတက်သေး၊ မြင်း၏ ဇက်ကို ပုတ်ကာပုတ်ကာပြု၍ မြင်းကိုချော့နေသည်။ ပြီး ဝတ်ရုံပခုံးချိတ်ကို ဖြုတ်ခါ ကိုယ်ပေါ်မှ မြင်းစီးဝတ်ရုံကို မြေပေါ်သို့ အသာလျှောချလိုက်သည်။ မြင်းကြောက်စေသော ဝတ်ရုံသည် မြေပေါ်သို့ ပုံကျသွားပေပြီ။ သို့တိုင်အောင် မြင်းကျောပေါ်သို့ မတက်သေး၊ မြင်းကို အသံဖြင့်လည်းချော့ လက်ဖြင့်လည်း ဇက်ကိုပုတ်ရင်း ဆက်ချော့နေသည်။ ခဏမျှအကြာတွင် မြင်းဇက်ကို ပုတ်နေသော သူ့လက်တစ်ဖက်သည် မြင်းကျောပေါ်သို့ တဖြည်းဖြည်း ရွေ့လျားလာသည်။ မြင်းလည်း ငြိမ်ဆဲ

mgyoe.com

mgyoe.com
ငြိမ်နေပါ၏။ သည့်နောက် အာလက္ခဇန်းဒါးသည် ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့် ကိုယ်ကိုတစ်ချက် ဆတ်လိုက်ရုံဖြင့် မြင်းကျောပေါ်သို့ ရောက်သွားတော့သည်။

သို့တိုင် သူသည် အလျင်စလိုမရှိသေး။ ခပ်အေးအေးပင် မြင်းကို ခွမြဲခွထားသည်၊ မနှင်သေး။ ခဏလေးကြာမှ မြင်းကို ဖနောင့်ဖြင့် တစ်ချက် တို့လိုက်သည်။ ဤတွင် ဘောကီဖားလတ်စ်သည် ဝေဟင်သို့တက်၍ တိမ်ညွှန့်ကို သွားဆွတ်တော့မည့်အလား ကြီးစွာသော အလျင်အဟုန်ဖြင့် ပြေးထွက်လေတော့သည်။

မကြာမီမှာပင် လူလုံးရောမြင်းလုံးပါ မိုးကုပ်စက်ဝိုင်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ကြည့်နေသော မင်းပရိသတ်မှာ သူတို့မျက်စိကိုပင် သူတို့မယုံနိုင်အောင် ရှိနေတော့သည်။

အမှန်မှာ ကိုက်တစ်ရာခန့်မျှ စီးလိုက်ရုံမျှဖြင့်ပင် ဘောကီဖားလတ်စ် အပေါ် အာလက္ခဇန်းဒါး နိုင်သွားပြီဖြစ်၏။ ထိုမြင်းကို အာလက္ခဇန်းဒါး သည် နှစ်ပေါင်းများစွာပင် အသုံးပြုခဲ့သည်။ သံယောဇဉ်လည်း အလွန်ကြီးခဲ့ သည်။

မကြာမီမှာပင် အာလက္ခဇန်းဒါးသည် “တဟားဟား”ရယ်ရင်း မြင်းကို မင်းပရိသတ်ရှေ့သို့ ပြန်စီးဝင်လာသည်။ ပရိသတ်လည်း လက်ခုပ် တဖြောင်းဖြောင်းတီး၍ သြဘာပေးလိုက်ကြသည်။ ဖိလစ်သည် သားအတွက် ဂုဏ်ယူလွန်းသောကြောင့် မျက်ဝန်းအစုံတွင် မျက်ရည်များပင် ပြည့်လျှံနေ သည်။ ဖိလစ်သည် သားကို မြင်းပေါ်မှ အဆင်းတွင် ဖက်နမ်းရင်း မှတ်ချက် ချလိုက်သည်။

“ငါ့သား မင်းကိုယ်ပိုင် တိုင်းပြည်တစ်ခုကို ရှာမှဖြစ်တော့မယ်၊ မာဆေးဒိုးနီးယားပြည်ဟာ မင်းအတွက် သိပ်ကျဉ်းလွန်းနေတယ်”

ထိုအရည်အသွေးတို့ကြောင့်လည်း ဖိလစ်ဘုရင်သည် သား အာလက္ခဇန်းဒါးအား အဖေတူသား၊ အဖေ့ခြေရာကို လိုက်နင်းနိုင်မည့်သား အဖြစ် ဂုဏ်ယူနေသည်။

သို့ရာတွင် တစ်ခါတစ်ရံဆိုသလို၌ သား၏ ပညာရေးနှင့် အနုပညာ စိတ်ဝင်စားမှုတို့မှာ အကန်အသတ်မရှိသဖြင့် သားနှင့်ပတ်သက်၍
mgyoe.com

mgyoe.com

ဖခင်ဖိလစ်ကိုယ်တိုင် မျက်ခြည်ပြတ်သွားသည့် အခါများလည်း ရှိလေသည်။

ပမာဆိုပါစို့ အာလက္ခဇန်းဒါးတွင် အနုပညာ အထူးပါရမီပါသည်ကို ဖိလစ် သတိပြုထားမိသည်။ တစ်ချိန်တည်းမှာပင် သားမှာ လူပျော့လူနုတစ်ယောက် မဟုတ်ကြောင်းကိုလည်း သိထားသည်။ ဖိလစ်သည် သားကို မကျီစယ် မနေနိုင်သည့် ဖြစ်ရပ်ကလေးများ ပေါ်ခဲ့သည်။

တစ်နေ့ ညစာစားပြီးချိန်တွင် အာလက္ခဇန်းဒါးက စောင်းတီး၍ ဖြေဖျော်သည်။ သူ့လက်သံမှာ ပြောင်မြောက်လွန်း၍ တက်ရောက်လာသော ဧည့်ပရိသတ်ထဲမှ ဂီတပညာရှင်များပင် လက်ဖျားခါသွားရသည်။

ဤတွင် စစ်သားဆန်လွန်းသော ဖိလစ်က...

"မင်း ဒီလောက် အတီးတော်နေတာ မင်းကိုယ်မင်း မရှက်ဘူးလားကွ"ဟူ၍ ချစ်စနိုးငေါက်ခဲ့ဖူးသည်။

ဖိလစ်က အာလက္ခဇန်းဒါးအတွက် ဂုဏ်ယူသကဲ့သို့ အာလက္ခဇန်းဒါးကလည်း ဖခင်ကြီးအတွက် ဂုဏ်ယူပါ၏။ သို့ရာတွင် ဖခင်ကြီး၏ ဘုန်းလက်ရုံးကို အသိစိတ်က အထင်ကြီး ဂုဏ်ယူသော်လည်း မသိစိတ်ကမူ ဖခင်ကြီး ဘုန်းလက်ရုံးတောက်ခါစ၊ ရှေ့နောက် တောင်မြောက် တစ်လွှား ဩဇာ အာဏာစက်ဖြန့်ကြက်ထားနိုင်သည်ကို မနာလိုဝန်တိုဖြစ်နေလေသည်။ ထို့ကြောင့်လည်း သူ၏ ရောင်းရင်းဖြစ်သူ တိုလေမီအား သည်နှယ် အမှတ်မထင် ပြောမိခြင်းဖြစ်၏။

"အဖေကတော့ တွေ့သမျှ နိုင်ငံတွေကို အကုန်သိမ်းနေတာပဲ။ ဒီနှုန်းအတိုင်းသာ သွားနေရင် ကြာရင်တော့ မင်းနဲ့ ငါ့အတွက် သိမ်းပိုက်စရာ နယ်မြေတောင် ရှိတော့မှာ မဟုတ်ပါဘူးကွာ"

❑

mgyoe.com

mgyoe.com

# အခန်း (၂)

## လူနှင့်အချိန်

### ဂရိနှင့်ပါရှား (ဘီစီ ၄၀၁-၃၄၀)

ဂရိတ်တို့က ပါရှားကို သိမ်းပိုက်ရန်ဆိုသော သတင်းမှာ ဖိလစ်မကွယ်လွန်မီကပင် လေထဲတွင် ပျံ့လွင့်နေသည်။ ပါရှားအင်ပါယာကြီးသည် ပြိုကွဲရန် ကြမ္မာငင်နေပြီ ဖြစ်သည်။

ဘီစီ ၄၀၁ ခန့်က မင်းသား ဆိုင်းရတ်စ် ဦးဆောင်သော ဂရိကြေးစားစစ်သည်တို့သည် မိမိဘက်မှ တစ်စုံတစ်ရာ အကျအဆုံးမရှိဘဲ ပါရှင်းစစ်တပ်ကြီးထဲသို့ နှစ်ကြိမ်မျှပင် တိုးလျှိုပေါက် ဝင်ရောက်ထိုးဖောက်နိုင်သည်ဆိုသည့် သာဓကကလည်း ပါရှင်းစစ်သည်တို့၏ စစ်စွမ်းရည်ညံ့ဖျင်းမှုကို ကမ္ဘာသိ ကြေညာနေသကဲ့သို့ ရှိသနည်း။

ပါရှင်းစစ်သည်တို့မှာ များသောအားဖြင့် လယ်ယာခွင်ရှိ ထွန်တုံးထွန်တံတို့ကို အဓမ္မချောဆွဲခြင်းခံခဲ့ကြရသည့် လယ်သမားများသာ ဖြစ်လေသည်။ စစ်ရည်ဝသော ဂရိစစ်သည်တို့နှင့် ရင်ဆိုင်လိုက်လျှင် ပါရှားစစ်တပ်တို့သည် ရန်သူဘက်မှ လှံတစ်ချောင်း မြားတစ်စင်းကျမလာမီ ထွက်ပြေးကြသည်ကသာ များသည်။

သို့ရာတွင် ယခုအချိန်အထိ ပါရှင်းတို့ အောင်ပွဲခံနိုင်နေခြင်းမှာ

mgyoe.com

mgyoe.com

ပါရှားနိုင်ငံ၏ သံတမန် ပရိယာယ်နှင့် ရွှေတို့ကြောင့်ပင် ဖြစ်သည်။

ထိုလက်နက် နှစ်ခုကြောင့်လည်း ပါရှင်းတို့သည် ဂရိစစ်တပ်ကြီးကို လက်တားထားနိုင်ခြင်းဖြစ်သည်။ ခက်သည်ကလည်း ဂရိ အဘိဓာန်တွင် လာဘ်ပေးလာဘ်ယူဆိုသည့် စကားလုံးကမရှိ။ လက်ဆောင်ဆိုသည့် စကားလုံးသာရှိသည်။

ပါရှင်းခေါင်းဆောင်တို့က လက်ဆောင်ထိုးလိုက်လျှင် ဂရိခေါင်းဆောင်တို့က အလွယ်ပင် လက်ခံလိုက်ကြသည်။ ဤသည်တို့မှာ နိုင်ငံအတွက်သာ အန္တရာယ်ရှိသည်မဟုတ်။ အိမ်နီးချင်းနိုင်ငံတို့နှင့် ဆက်ဆံနေရသော သံတမန်တို့အတွက်ပါ အန္တရာယ်ကြီးလှသည်။ ယင်းလာဘ်ထိုးမှုနှင့် စပ်လျဉ်း၍ ကြေကွဲဖွယ် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ဖူးလေသည်။

ပြည်ပနိုင်ငံများမှ လက်ဆောင်ယူမှုသည် ပြည်သူ့ဝန်ထမ်းများ၏ စာရိတ္တမဏ္ဍိုင်နှင့် မဆိုင်ဟု ထင်ခဲ့ရာမှ နိုင်ငံတော်အတွက် လည်းကောင်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက်လည်းကောင်း အန္တရာယ်ကြီးလှကြောင်း သာကေသဖွယ် ပေါ်ပေါက်လာသည့် ဖြစ်ရပ်ပေတည်း။

သံတစ်ဦးဖြစ်သူ အေသင်မြို့သား တီမားရိုးရပ်စ်သည် ပါရှားသို့ သွားခဲ့၏။ ပါရှားကိုရောက်သော် ပူပြင်းသော ရာသီဥတုကြောင့် နာမကျန်းဖြစ်ကာ အိပ်ရာထဲတွင် လဲနေ၏။ ဤဒြဲ့ သမားတော်က လူနာအား နွားနို့သောက်ရန် ညွှန်ကြား၏။ လူနာသည် မိမိအတွက် ဆေးဖက်ဝင်သော နွားနို့ကိုသောက်သုံးရန်အတွက် တာဝန်ရှိသော ပါရှင်းအရာရှိတစ်ဦးကို ပြောပြသည်။ ထိုသတင်းကိုကြားသော် ပါရှားဘုရင်သည် အေသင် သံအမတ်အား နို့စားနွားမ အကောင်ရှစ်ဆယ် လက်ဆောင်ပေးလေ၏။ ထိုမျှသာမကသေး လူနာ သက်သောင့်သက်သာ နားနေစေနိုင်ရန်အတွက် အိပ်ရာတစ်စုံပေးလိုက်သေးသည်။ ယင်းအိပ်ရာ တစ်စုံနှင့်အတူ အိမ်မှာခိုင်းရန်အတွက် ကျွန်ယောကျ်ား၊ ကျွန်မိန်းမ အများအပြားလည်း ပေးလိုက်သေး၏။

အေသင်သံအမတ် ကျန်းမာသွားသောအခါ တစ်လခန့် သွားရသော အပြန်ခရီးတွင် ထမ်းစင်နှင့်ပင် ပြန်နိုင်စေရန် ရွှေစင်ပေါင်တစ်ထောင်မျှ အကုန်အကျခံ၍ စီစဉ်ပေးလိုက်၏။

အေသင်သို့ ပြန်ရောက်သောအခါ ပြည်သူလူထုက သံအမတ်၏

mgyoe.com

mgyoe.com


သတင်းများကို ကြားသိရပြီး သည်မျှ လက်ဆောင်ပဏ္ဏာများကို လက်ခံယူ၍ သာ သံရေးတမန်ရေးတွင် တင်းတင်းမာမာ အပေါ်စီးမှ မဆက်ဆံနိုင်သဖြင့် အောင်မြင်မှု မရရှိခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲကာ သံအမတ်အား ခုံရုံးတင် စစ်ဆေး၍ သေဒဏ်ပေးလိုက်ကြသည်။

ပါရှားတို့၏ စစ်ရေးအားနည်းချက်မှာ လျှို့ဝှက်ချက်မဟုတ်၊ ပါရှား မှပြန်လာသော ဂရိမြို့ပြ နိုင်ငံအသီးသီးမှ သံတမန်တို့က ပြန်လည် ဖောက်သည်ချကြသည်မှာ နားမဆံ့အောင်ပင် ရှိနေသည်။ ဖိလစ်ငယ်စဉ်က ပင် အာကေဒီယန်သံအမတ် ပြောဖူးသောစကားကို ယခုတိုင်ပင် ကြား ယောင်နေလေသည်။

"ပါရှားဘုရင်မှာ ထမင်းချက်တွေ၊ မုန့်ဖုတ်သမားတွေ၊ စားပွဲထိုး တွေသာ များနေတာပဲ။ ဂရိတ် လုံကိုင်စစ်သားတစ်ယောက်ကို မျက်နှာပြန် စေ့စေ့ကြည့်ဝံ့တဲ့ လူဆိုလို့ တစ်ယောက်မှမရှိဘူး"

ထိုသတင်းများကြောင့်လည်း ဂရိစစ်သူကြီးတိုင်းလိုလိုက ပါရှားသို့ စစ်ချီတိုက်ခိုက်လိုသည့် ဆန္ဒများ ပြင်းပြနေကြသည်။ "မဆွတ်ခင်ကညွတ်" မည့် သစ်သီးအဖြစ် မြင်နေကြသည်။ ဤသည်မှာလည်း မဆန်းလှပါချေ။ စစ်သမိုင်းသုတေသီ ဆိုကရားတဲ့စ်က သည်ပင်လျှင် အာရှ၏ မဟာလွင်ပြင် ကြီးကို ဖြတ်ကျော်ရာတွင် တွေ့ရှိရမည့် အခက်အခဲများကို လျှော့၍တွက်ခဲ့ သည်။

ထိုအပြောကျယ်သော လွင်ပြင်ကြီးကို အဖြတ်တွင် ပါရှားတို့၏ အင်အားကောင်းမွန်လှသည့် မြင်းတပ်ကြီးက ဘယ်လို အနှောင့်အယှက် ပေးနိုင်မည်ဆိုသည်ကို ထည့်သွင်းစဉ်းစားခဲ့ခြင်းရှိဟန် မတူချေ။ စင်စစ် ပါရှားအင်ပါယာကြီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်စုံ ယိုယွင်းနေသည်။

တစ်ချိန်တည်းပင် ဂရိတို့ဘက်မှလည်း စီးပွားရေး အကျပ်အတည်း များကို ရင်ဆိုင်နေရချိန်နှင့် ကြုံနေသည်။ ပြင်ပ ဝင်ငွေရမှုကနည်းသဖြင့် ပြည်ပတွင် နယ်ချဲ့နိုင်မှ စီးပွားရေး အကျပ်အတည်းကို ကျော်လွှန်နိုင်မည် ဖြစ်သည်။

ပါးရှားဘက်တွင်လည်း စစ်ရေး၌ အားထားလောက်စရာဟူ၍

mgyoe.com

mgyoe.com


မြင်းတပ်ကြီးသာရှိသည်။ ရှေးရှေးကမူ ခြေလျင်စစ်သည်တစ်ပိုင်း၊ မြင်းသည်တော်တစ်ပိုင်းဖြစ်သည့် မိဒီယန်နှင့် ပါရှင်းခြေလျင်စစ်သည်တို့သည် သူတို့၏ ခြင်းကြားသဏ္ဍာန် ဒိုင်းကြီးများ၏ နောက်ကွယ်မှနေကာ အသိန်းအသောင်းမျှသော မြားတို့ကို ရန်သူအပေါ်သို့ မိုးသီးမိုးပေါက်ပမာ သွန်ချတတ်မြဲဖြစ်သည်။ ယင်းရှေးရှေးက ရင်ဆိုင်တိုက်ပွဲများတွင် ပါရှားစစ်သည်တို့သည် ဓားရှည်အစား ဓားတိုများကိုသုံးသော်လည်း လက်နက်တန်ဆာပလာ မြားမြောင်လှသော ဂရိစစ်သည်တို့ကို ကြံ့ကြံ့ခံနိုင်မြဲ ဖြစ်သည်။

သည်နှယ်သော အချိန်များတွင် အင်အားကြီးမားလှသည့် ပါရှားတပ်ကြီးသည် ဘယ်တောင်ပံ၊ ညာတောင်ပံမှ ဝင့်လာကာ ခြေလျင်စစ်သည်တို့အား အကူအညီပေးမြဲ ဖြစ်သည်။ ယခုသော် ပါရှားဘက်၌ ထိုခြေလျင်စစ်သည်တို့ မရှိတော့ပြီ။ ထိုအချိန်တွင် ဂရိတ်ပြည်၌ စစ်မက်လိုလားသောအလုပ်လက်မဲ့ ကြေးစားစစ်သည်တို့ကလည်း ပေါများနေသည်။ ထိုအချိန်တွင် ဂရိတို့၏ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုအရ သိပ္ပံပညာသည်များလည်း ထွန်းကားစပြုလာပြီ ဖြစ်သည်။

ပထဝီဘာသာရပ်၊ သတ္တဗေဒဘာသာရပ်တို့သည် စစ်ရေးအတွက် အရေးပါလှသည်။ ကြေးစား စစ်ဗိုလ် တပ်မှူးတို့သည် သူတို့တတ်ထားသော သိပ္ပံပညာများကို အခြေခံ၍ စစ်လက်နက်ပစ္စည်းများကို ထုတ်လုပ်ရန် ကြိုးပမ်းလာခဲ့ကြသည်။ ပမာဆောင်ရသော် ခြေလျင်စစ်သည်တို့ကို ပေါ့ပါးသော စစ်လက်နက်ပစ္စည်းများကို တပ်ဆင်၍ အလျင်အမြန် ရွေ့လျားနိုင်သောနည်းကို ကြံဆလာခဲ့ကြသည်။ ရှေးကမူ ခြေလျင်စစ်သည်တို့ကို လေးလံသော သံချပ်ကာဝတ်စုံများ တပ်ဆင်ပေးထားသဖြင့် စစ်ချီရာတွင် နှေးကွေးစွာ ရွေ့လျားနေကြရသည်။ ကိုင်စွဲစေသော လက်နက်မှာလည်း ခြောက်ပေမျှရှိသော လှံတံမျှသာဖြစ်သည်။ ယခုသော် ဂရိတ်စစ်သည်တို့ကို ပေါ့ပါးသောဒိုင်း၊ ပါးလွှာလင့်ကစား ကြံ့ခိုင်သော တောင်တက်ဖိနပ်တို့ကို ဆင်ယင်စေကာ လက်နက်ဟောင်း ခြောက်ပေလှံအစား ကိုးပေလှံများကို တပ်ဆင်လိုက်သည်။ ကိုင်စွဲသောဓားကိုလည်း ရှေးက သစ်ရွက်သဏ္ဍာန် ၁၅ လက်မမျှရှိသော ဓားအစား လက်မ ၃၀ ကျော်ရှည်သော ဓားကို တပ်ဆင်လိုက်သည်။ ၁၅ လက်မဓားများမှာ ကြေးခေတ်က သုံးစွဲခဲ့သော ဓားများ

mgyoe.com

mgyoe.com


ဖြစ်ပြီး အခုတ်ရခက်သည်။ ယခု တပ်ဆင်လိုက်သော ဓားများမှာ အခုတ်ရော၊ အထိုးပါ လွယ်သည်။ ထိုနည်းတူ ဂရိတို့ဘက်မှ စစ်အတတ်နှင့် ပတ်သက်၍ နည်းဗျူဟာများလည်း တိုးတက်လာခဲ့သည်။

ပမာပြောရသော်...လက်နက်ပေါ့တပ် [လေး သို့မဟုတ် လှံလျင်] ဆင်ထားသည့် ခြေလျင်စစ်သည်တို့ကို သံချပ်ဝတ်ဆင်ထားသည့် ခြေလျင်စစ်သည်များနှင့် ရင်ဆိုင်စေခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် မြင်းတပ်ကို အလုံးအရင်းသုံး၍ လျှပ်တစ်ပြက် တိုက်ခိုက်သောနည်းကိုလည်း တီထွင်ကြံဆနိုင်ခဲ့ကြသည်။ စစ်လက်ရုံးအသီးသီး၌ လက်နက်ကိုင် တပ်အသီးသီးတို့ကို အခြေအနေလိုက်၍ စနစ်တကျ ထိရောက်စွာ ပူးတွဲသုံးနိုင်သည့် ကြံဆချက်တို့ပင် ဖြစ်သည်။

ပို၍ အရေးပါသော နည်းဗျူဟာတစ်ခုကို တီထွင်သူမှာ ဖိလစ်ကိုယ်တိုင် နည်းနာခံယူခဲ့သော သေးဘဲစ်မြို့မှ စစ်ပါရဂူ၊ အေပါမိနွန်ဒတ်စ်ပင် ဖြစ်လေသည်။ အေပါမိနွန်ဒတ်စ်သည် ခေတ်ပညာတတ် စစ်သူကြီးတစ်ဦးဖြစ်လေသည်။ ဖိလစ်ငယ်စဉ်က သေးဘဲစ်မြို့တွင် အေပါမိနွန်ဒတ်စ်ကို ဒတ္တ့ဆုံရင်းနှီးခဲ့ဖူးလေသည်။ အေပါမိနွန်ဒတ်စ်၏ တီထွင်ကြံဆချက်မှာ စစ်မျက်နှာတစ်ခုတွင် အရေးအပါဆုံး အဆုံးအဖြတ်ပေး နိုင်ဆုံးသော ပစ်မှတ်တစ်ခုကို မိမိတပ် အလုံးအရင်းသုံး၍ တိုက်ခိုက်သော နည်းဗျူဟာပင် ဖြစ်လေသည်။

အဓိပ္ပာယ်မှာ မိမိတပ်များကို တစ်ဖက်ရန်သူ ခင်းထားသည့် စစ်မျက်နှာ တစ်ပြန့်လုံးကို လိုက်လံယှဉ်ပြိုင် မနေစေဘဲ အရှုံးအနိုင် အဆုံးအဖြတ်ပေးနိုင်မည့် တစ်နေရာတွင်သာ မိမိရှိသမျှ အိတ်သွန်၍ တိုက်ခိုက်သည့်နည်းပင် ဖြစ်လေသည်။ နောက်တစ်နည်းဆိုရသော် အဆုံးအဖြတ်ပေးနိုင်မည့် အမှတ်တစ်ခုတွင် မိမိတပ် အလုံးအရင်းကို စုစည်းအသုံးပြုနိုင်သော စစ်တရားကိုယ်ပင် ဖြစ်လေသည်။

အေပါမိနွန်ဒတ်စ်၏ နည်းဗျူဟာကို အာလက္ခဇန်းဒါးသည် စစ်ပွဲအတော်များများတွင် အသုံးပြုခဲ့လေသည်။ ဖိလစ်သည်လည်း သူ၏ စစ်ဘုရင်သက်တမ်းတစ်လျှောက်လုံး၌ မိမိတပ်များကို မလိုအပ်သည့်နေရာတွင် ချွေ၍သုံးတတ်သည်ကို တွေ့ရသည်။ လိုအပ်သည့်နေရာ၊ အဆုံး

mgyoe.com

mgyoe.com

အဖြတ် ပေးနိုင်သည့်နေရာတွင်သာ အိတ်သွန်၍ သုံးတတ်သည်။ အဆုံးအဖြတ်ပေး မည့်နေရာကို ထိုးဖောက်တိုက်ခိုက်ရာ၌လည်း လျှပ်တစ်ပြက် တိုက်ခိုက်ခြင်း၊ ရန်သူကို လှည့်စားခြင်း၊ ရန်သူကို အငိုက်ဖမ်းနိုင်ခြင်း စသည်တို့ပါ တပေါင်းတစည်းတည်း သုံးလေ့ရှိသည်။

ဖိလစ်သည် သူ့စစ်ဘဝ တစ်လျှောက်လုံး၌ သူ့စစ်သားများ စစ်လက်နက်တိုးတက်ရေးနှင့် စစ်စွမ်းရည် တိုးတက်ရေးကို အစဉ်တစိုက် စမ်းသပ်ခြင်း၊ ပြုပြင်ခြင်းတို့ကို ကြိုးစားလုပ်ဆောင်ခဲ့လေသည်။ ရလဒ်ကား ဖိလစ်၏ ကြိုးပမ်းမှုကြောင့် သူကွယ်လွန်သောအချိန်တွင် ခေတ်မီစစ်တပ်ကြီးတစ်ခု အမွေကျန်ခဲ့ခြင်းပင် ဖြစ်သည်။

အေသင်မြို့ပြနိုင်ငံသားဖြစ်သူ အစ်ဖီကရားတဲ့စ်သည် စစ်လက်နက်ပစ္စည်းများကို အမြဲတမ်းထွင် ကြံဆနေသူဖြစ်သည်။ ဂရိစစ်သည်တို့ကို စစ်လက်နက်ပစ္စည်း ပေါ့ပါးသွားစေရာတွင် အများဆုံး တာဝန်ရှိသူပင် ဖြစ်သည်။

သို့ရာတွင် ခြေလျင်တပ်တို့တွင် သူတီထွင်တပ်ဆင်ခဲ့သော ၉ ပေရှည်သည့် လှံများထက် ပို၍ပို၍ ရှည်သော လှံများကို ဂရိစစ်သည်တို့ အသုံးပြုလာခဲ့သော်လည်း ဖိလစ်နှင့် အာလက္ခဇန်းဒါးတို့၏ ခြေလျင်စစ်သည်များ ကိုင်ဆောင်သော လှံများ၏ အရှည်ကိုမူ မမီချေ။

ဖိလစ်နှင့် အာလက္ခဇန်းဒါးတို့၏ ခြေလျင်စစ်သည်တို့ ကိုင်ဆောင်သော လှံများမှာ ၁၈ ပေမှ ၂၈ ပေအထိ ရှည်တတ်သည်။ ထို့ပြင် အဲလားနစ်အင်ပါယာ [မာဆေးဒိုးနီးယားတို့ ဂရိနိုင်ငံကို အောင်မြင်ပြီးသည့်နောက်ပိုင်းကို အဲလားနစ်ခေတ်ဟု ခေါ်တွင်သည်] စစ်သည်တို့သည် စစ်စည်းကမ်း သေဝပ်ကြ၍ စစ်ရေးပြခြင်းကို ကျွမ်းကျင်ကြသည်။ စစ်ချီရာတွင် လူအသောင်းအသိန်း ချီတက်နေသော်လည်း တစ်ယောက်တည်း ချီတက်နေသည်ဟု ထင်ရလောက်အောင် ညီညွတ်လှသည်။

ဖိလစ်သည် စစ်မြေပြင်၌ ရသမျှအခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချတတ်သူဖြစ်သည်။ တောင်ပေါ်သား အီလီရီးယန်းတို့နှင့် ရင်ဆိုင်ခဲ့ရစဉ်က ဖြစ်သည်။ ဤစစ်ပွဲသည် မာဆေးဒိုးနီးယန်း တပ်မတော်အဖို့ ပထမဦးဆုံး အကြိမ် အောင်ပွဲရလိုက်သော စစ်ပွဲ၊ ခေတ်မီတပ်မတော်ကြီးအဖြစ် ဖွားသန့်

mgyoe.com

mgyoe.com


စင်လိုက်သောစစ်ပွဲဟု ဆိုနိုင်သည်။

ရန်သူဘက်တွင် ခြေလျင်စစ်သည် တစ်သောင်း...

မိမိဘက်တွင် ခြေလျင်စစ်သည် တစ်သောင်း...

ရန်သူဘက်နှင့် မိမိဘက် အရည်အတွက် တူသော်လည်း အရည်အချင်းအားဖြင့် ကွာလှသည်။ မိမိဘက်တွင် အရေအချင်းအားဖြင့် အားနည်းနေသည်။ မိမိဘက်မှ တပ်သားများမှာ တပ်ထဲဝင်စဖြစ်၍ တိုက်ပွဲမဝင်ဖူးသေး၊ သို့ရာတွင် မိမိဘက် (ဖိလစ်ဘက်)၌ မြင်းစစ်သည် (၆၀၀)၊ ရန်သူဘက်၌ (၅၀၀)။

တစ်ဖန် မိမိဘက် မြင်းတပ်ဆိုသည်မှာ စစ်အတတ်ကို ဝါသနာတစ်ရပ်အဖြစ် သင်ကြားထားသော မှူးမျိုးမတ်နွယ်များဖြင့် ဖွဲ့စည်းထားပြီး မြင်းများမှာလည်း စားကျက်ကောင်းတွင် ကျောင်းလှန်ထားသောကြောင့် မြင်းတောင့် မြင်းမာများ ဖြစ်နေကြသည်။ ထိုမျှမပြောပလောက်သော အကြောင်းအရာသည်ပင် ဖိလစ်အတွက် မဟာအခွင့်အရေးကြီး ဖြစ်သည်။

ဖိလစ်သည် မြင်းတပ်ကို မြင်းတပ်ချင်း ယှဉ်စေလိုက်သည်။ ခြေလျင်တပ်ကိုမူ လက်ထဲတွင်ပင် "ချုံ"ထားလိုက်သည်။ ပြီး... စစ်မြူ၍ ရန်သူ့ ခြေလျင်ကပ်ကို သတ်ကွင်းထဲသို့ ဆွဲသွင်းလိုက်သည်။

အားနည်းသော ရန်သူ့တောင်ပံတစ်ဖက်မှ ထိုးဖောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ ရန်သူသည် ရှေ့တွင် မဲနေခိုက် မိမိတပ်များက မမျှော်လင့်သောနေရာမှ အလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းမျိုး ဖြစ်သည်။ ထိုတိုက်ပွဲတွင် တောင်ပေါ်သား အီလီရီးယန်း လူမျိုး ၇၀၀၀ ခန့် ကျဆုံး သွားခဲ့သည်။

ယင်းမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က အီလီရီးယန်းတို့ လက်ချက်ဖြင့် ကျဆုံးသွားသော နောင်တော် ပါဒီးခါးစ်အတွက် လက်စားချေလိုက်ခြင်း ဖြစ်သည်။

ထိုတိုက်ပွဲက ဖိလစ်အား မာဆေးဒိုးနီးယားပြည်၏ သူရဲကောင်းကြီး အဖြစ် မော်ကွန်းတင်ခဲ့လေသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၃)
# အိမ်ရှေ့မင်းသားဘဝ
# (ဘီစီ ၃၄၀-၃၃၆)

အာလက္ခဇန်းဒါး ၁၆ နှစ်သားအရွယ်တွင် ဆရာသိသမျှ တပည့် တတ်ရမည်ဟု မဆိုနိုင်သော်လည်း အာရိစတောတယ်လ်ထံမှ ပညာအတော် အတန် ရခဲ့ပြီဟု၍တော့ ယူဆရပေသည်။

ဂရိတ်ပြည်နှင့် အိမ်နီးချင်းနိုင်ငံတို့၏ သမိုင်း၊ ထိုနိုင်ငံတို့၏ နောက်ဆုံးသတင်းများ၊ ပထဝီ ရာသီဥတု၊ ထွက်ကုန်ပစ္စည်းနှင့် သယံဇာတ အပါအဝင် ဓိဝသတ္တပညာရပ်များပါ ကျွမ်းဝင်နှံ့စပ်နေပြီ ဖြစ်လေသည်။ မိမိနိုင်ငံအရေးတွင်သာမက အိမ်နီးချင်းနိုင်ငံများ၏ အရေးနှင့်လည်း ရင်းနှီး နေနှင့်လေသည်။

ထိုမျှသာမက သူသည် သင်္ချာဗေဒ၊ နက္ခတ္တဗေဒနှင့် သမိုင်းဘာသာ ရပ်တို့ကိုပင် တီးခေါက်နေမိပေပြီ။ သူသည် ထိုဘာသာရပ်တို့တွင် အထူး တလည် စိတ်ဝင်စားသည်။ ၎င်းဘာသာရပ်တို့၏ အသုံးဝင်ပုံကိုလည်း သတိပြုမိခဲ့သည်။

အာရှသို့ စစ်ချီစဉ် သစ်ပင်ဆန်း၊ သတ္တဝါဆန်းတို့ကို စုဆောင်းနိုင် ရန် သိပ္ပံပညာရှင်များကို ခေါ်ဆောင်သွားကာ ရသော ပစ္စည်းတို့ကို ဆရာ

mgyoe.com

mgyoe.com


အာရိစတော်တယ်လ် မည်မျှ ဩဇာညောင်းခဲ့သည်ကို သိနိုင်သောအချက်များ ရှိလေသည်။ အာရိစတော်တယ်လ်သည် တွေးခေါ်မြော်မြင်ရှင်နှင့် သိပ္ပံပညာရှင် တစ်ဦးဖြစ်ရုံသာမက သမားတော်တစ်ဦးလည်း ဖြစ်သည်ကို သတိချပ်သင့် သည်။

ဆရာ၏ ဩဝါဒကြောင့်ပင် ထင်သည်။ အာလက္ခဇန်းဒါးသည် ဆေးဘက်တွင် ဝါသနာပါသည်။ သူငယ်ချင်းတစ်ယောက် နေမကောင်း လျှင် ဘာဆေးသောက်၊ ဘာဆေးစားဟု ပြောရန် ဝါသနာထုံလှသည်။

ထိုဝါသနာသည် အမေ့ဘက်နွယ်၍ ပါလာသည်ဟု ဆိုနိုင်သည်။ မည်သို့ရှိစေ ဇီဝဗေဒသည် အာရိစတော်တယ်လ်၊ အကျွမ်းကျင်ဆုံး၊ နာမည် အရဆုံးသော ဘာသာရပ်ဖြစ်သည် မဟုတ်ပါလား။ ၁၆ နှစ်ပြည့်သောအခါ အာလက္ခဇန်းဒါးသည် ကျောင်းတွင် ကျောင်းသားလေးသဖွယ် ကျောင်း တက်နေစရာ မလိုတော့။ စာစုံစုံဖတ်ခြင်းနှင့် ငြင်းခုံခြင်း စသည့်အမှန်တရား ရှာဖွေသောနည်းတို့ဖြင့် ဆရာ့ထံ မေးချင်သမျှမေး၊ ဆရာ့အဖြေကို လက်မခံ နိုင်လျှင် ပြန်ငြင်း စသည်တို့ဖြင့် မီငါဥယျာဉ် တက္ကသိုလ်စကြံတွင် ဆရာနှင့် အတူတွဲ၍ လမ်းလျှောက်ခြင်းဖြင့် ပညာရေးခရီးကို ဆက်ခဲ့သည်။

ဤ၌ပင် ဖိလစ်က သူ့သားကို အရွယ်ရောက်ပြီဟု ဆုံးဖြတ်လိုက် သည်။ ထို့ကြောင့်လည်း ဘော်လ်ကန်၊ ဥရောပနှင့် မာမာရာပင်လယ်ပြင်ထိ အင်ပါယာချဲ့ရန် စစ်ထွက်ချိန်တွင် သူ့ကိုယ်စား အာလက္ခဇန်းဒါးအား မာဆေးဒိုးနီးယားပြည်ကို အုပ်ချုပ်ရန် တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

ဤနေရာ၌ အသက် ၁၆ နှစ်သားအရွယ်တွင် အာလက္ခဇန်းဒါး အား တိုင်းပြည်အုပ်ချုပ်ရန် တာဝန်ပေးခဲ့ရာ အာလက္ခဇန်းဒါးသည် ဘုရင့် ကြိုးကိုင်အဖွဲ့၊ တစ်နည်း ဘုရင့်အကြံပေးအဖွဲ့၏ ကြိုးဆွဲသမျှ ကရမည့် ရုပ်သေး ဘုရင်ဖြစ်နေမည်လားဟု ယူဆရဖွယ်ရှိသည်။ ယင်းအကြောင်း အရာနှင့် ပတ်သက်၍ ကမ္ဘာ့သမိုင်း သုတေသီတို့ မကြာခဏ အငြင်းပွားလေ့ လည်းရှိသည်။

စင်စစ် ဖိလစ်သည် အာလက္ခဇန်းဒါး၏ လူရည်လူကဲကို ခတ်ထား ပြီးဖြစ်သည်။ အကယ်မှု သား၏ အရည်အသွေးကို မယုံကြည်ခဲ့လျှင် ဖိလစ် သည် သူ၏လက်ရုံး စစ်ဦးစီးတစ်ဦးဖြစ်သည့် အင်တီပတ်ထရိ့စ်ကိုသာ

mgyoe.com

mgyoe.com


ထားခဲ့မည်ဖြစ်သည်။

နောင်သောအခါ အာလက္ကဇန်းဒါးသည် သူစစ်ထွက်စဉ် ထို စစ်သူကြီးကိုပင် သူ့ကိုယ်စား မာဆေးဒိုးနီးယားပြည်ကို အုပ်ချုပ်ရန်ထားခဲ့ သည့် သာဓကများလည်း ရှိခဲ့လေသည်။ ထို့ကြောင့် ဖိလစ်စစ်ထွက်စဉ် မာဆေးဒိုးနီးယားပြည်ကို အုပ်ချုပ်နေသော အာလက္ကဇန်းဒါးသည် အသက် ပင်ငယ်ရွယ်သော်လည်း ရုပ်သေးဘုရင်တော့ မဖြစ်နိုင်သည်မှာ သေချာလေ သည်။

သူ သင်ကြားခဲ့သော ကျောင်းပညာရပ်တို့မှာ အချည်းနှီးမဟုတ်။ အမှန်ပြောရလျှင် အာလက္ကဇန်းဒါးသည် ကြီးမားသော တာဝန်များကို ထမ်း ဆောင်ရန် အချိန်ခါ စောင့်နေသူသာဖြစ်လေသည်။ သူ့ခမည်းတော် အဝေး ရောက်ခိုက်တွင် တိုင်းပြည်၌ အရေးအခင်းကြီးများ ပေါ်ပေါက်စေရန်ပင် ဆုတောင်းနေမိလေသည်။ သို့မှသာ သူ့အရည်အချင်းကို ဖော်ပြနိုင်မည် မဟုတ်ပါလား။

မျှော်လင့်ထားသည့်အတိုင်းပင် အရေးကြီးသော အရေးအခင်းကြီး များ ပေါ်လာခဲ့သည်။ အရေးအခင်းဆိုသည်မှာ စစ်တံခွန်တလူလူလွင့်နေ သမျှ အောင်မြင်နေသော ဖိလစ်၏ စစ်ကြောင်းသည် ထိုနှစ်တွင် အဆုံးအရှုံး ဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ဤတွင် အာလက္ကဇန်းဒါးသည် ဂရိတ်နှင့် မာဆေးဒိုးနီးယားပြည်တွင် ဖြစ်ပေါ်နေသော ပုန်ကုန်မှုများကို ကိုယ်တိုင် ကွပ်ကဲနှိမ်နင်းရန် အခွင့်အရေးများ ပေါ်ပေါက်လာတော့သည်။

ပမာပြုရသော် ဖခင်ကိုယ်စား ဘုရင်လုပ်နေခိုက် မြောက်ပိုင်းသား တို့က ပုန်ကန်ထကြွလာခဲ့သည်။ အာလက္ကဇန်းဒါးသည် ပုန်ကန်ထကြွ သူတို့ကို နှိမ်နင်းရန် စစ်ဦးမှချီခဲ့သည်။ ဤသည်မှာ အာလက္ကဇန်းဒါးအနေ ဖြင့် ပထမဦးဆုံးအကြိမ် တပ်မတော်ကို ဦးစီးခွင့်ရခြင်းဖြစ်၍ အထူးပင် ရွှင်မြူးနေမိလေသည်။ ငယ်စဉ်က အိပ်မက်သည် ယခုသော် အကောင် အထည်ပေါ်ခဲ့ပေပြီ။ ထိုတိုက်ပွဲတွင် အာလက္ကဇန်းဒါးသည် ရန်သူအပေါ် အနိုင်ရလိုက်သည်။ ခမည်းတော် လုပ်လေ့ရှိသောနည်းအတိုင်း သိမ်းပိုက် ရရှိသော နေရာတိုင်းတွင် ဂရိပုံစံ မြို့ပြတည်ထောင်ကာ သစ်တပ်ကာ မြို့စောင့်တပ်များ ချရစ်ခဲ့သည်ချည်း ဖြစ်သည်။

mgyoe.com

mgyoe.com


သူ နောက်ဆင်နွှဲရသော စစ်ပွဲတစ်ပွဲမှာ သူ့အတွက် ပို၍မြင့်သော စစ်စာမေးပွဲဟု ဆိုရပေမည်။

ဖိလစ် စစ်မြေပြင်မှ ပြန်လာသည်နှင့် ထုံးစံအတိုင်းပင် မောခြင်း ပန်းခြင်းတို့ကို နားမလည်။ ဘော်လကန်လူမျိုးစုကိုတော့ အောင်နိုင်ခဲ့သည်။

သို့ရာတွင် ဖိလစ်ဘုရင်သည် ဒဏ်ရာရခဲ့သည်။ အေသင်တွင် ဖိလစ်ဘုရင် ကွယ်လွန်ချေပြီဟူသော သတင်းပင် ပြန့်ပွား၍နေသည်။

အကယ်မူ ဖိလစ်သည် ဂရိတ်ပြည်မသို့ ရောက်နေသည်။ သူ ရောက်နေခြင်း၏ အကြောင်းကိုလည်း ဘုရားသခင်၏ တမန်တော်အဖြစ် ရောက်လာခြင်းဖြစ်သည်ဟု ထုံးစံအတိုင်းပင် ဝါဒဖြန့်လိုက်သည်။ တမ်ဖီး ဆားပြည်သား ယူကရိန်းတို့သည် အပိုလို ပိုင်နယ်မြေတို့ပေါ်တွင် ကျူးကျော် ထွန်ယက်မှုနှင့်ပတ်သက်၍ ဖြေရှင်းရန် လာရောက်ခြင်းဖြစ်သည်ဟု ဆိုလေသည်။

ဖိလစ်သည် ဘီစီ ၃၃၉ တွင် ပြန်လည် ကျန်းမာခဲ့သည်။ လူကောင်း ပကတိဖြစ်သည်နှင့် သဲဆားလီကို ဖြတ်၍ ဖိုးခစ်စ်ကို ကျော်ခဲ့သည်။

ထိုမှတစ်ဆင့် ဒဲလ်ဖီသို့ မချီဘဲ သေးဘဲစ်နှင့် အေသင်တို့ဘက်သို့ ရှေးရှုချီခဲ့သည်။ ထိုစစ်ဆင်ရေးအတွက် ဖိလစ်သည် စစ်ရေးအရသာမက သံတမန်နည်းအရပါ အပေါ်စီးမှ ယူထားပြီး ဖြစ်သည်။ ရန်သူ့နယ်မြေတွင် ပဥ္စမံတပ်သားများကိုလည်း ဖြန့်ထားသည်။

တစ်ချိန်တည်းမှာပင် သေးဘဲစ်ကို ရန်လို၍မဟုတ်၊ မိမိတပ်များ လွတ်လပ်စွာ ဖြတ်သန်းခွင့်ကိုသာ တောင်းဆိုခြင်းဖြစ်သည်ဟု သတင်းလွှင့် ထားသည်။

သို့သော် သေးဘဲစ်သည် ဖိလစ်စကားကိုမယုံ။ သေးဘဲစ်၏ ခေါင်း ဆောင်များက အေသင်နှင့် ပေါင်း၍ ဖိလစ်ကို ခံရန်ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ဆောင်းဦတုတိုင်သောအခါ အာလက္ခဇန်းဒါးအတွက် ဖိလစ်၏ လက်စ မသတ်သေးသော စစ်ဆင်ရေးကို ဖခင်ကြီးနှင့်အတူ လက်တွဲ တိုက်ပွဲဝင်ရန် အကြောင်းဖန်လာတော့သည်။

အာလက္ခဇန်းဒါးသည် မြင်းတပ်ကို ဦးဆောင်၍ ချီခဲ့သည်။ တပ်ဦး မှ ချီခဲ့သည်ဆိုခြင်းထက် ဘယ်တောင်ပံမှ လိုက်ခဲ့သည်ဆိုခြင်းက ပို၍မှန်

mgyoe.com

mgyoe.com

မည်။

သူသည် ရှေ့တူရူသို့ ကြည့်လိုက်သည်။ လူမျိုးပေါင်းစုံ ပါဝင်သော သူ၏ တပ်သားတို့သည် ရှေ့နှစ်မိုင်ခန့်အထိပင် တပ်အလျား ဆန့်ထားသည်ကို တွေ့လိုက်ရသည်။

ခြေလျင်စစ်သည်တို့ စွဲကိုင်သည့် လှံတံတို့သည် သစ်တောကြီးနှယ် ရှိသည်။ သူတို့လက်ဝယ်ရှိ ဒိုင်းလွှားတို့ကလည်း နံရံကြီးသဖွယ် အစီအစဉ် အထပ်ထပ်။ ဝဲယာတောင်ပံတို့တွင် မြင်းတပ်နှင့် အဝေးပစ်လက်နက်ကြီး တပ်တို့က ခြံရံလျက်။

ရန်သူ့တပ်ကမူ ယာဘက်မှနေ၍ အာလက္ခဇန်းဒါးတပ်များကို မျက်နှာမူထားသည်။ ရန်သူ့တပ်ဟုဆိုရာ၌ သေးဘဲစ်၏ ပြည်သူ့စစ်အဖွဲ့ဝင်များကို ဆိုခြင်းဖြစ်သည်။ သူတို့သည် စစ်လေ့ကျင့်မှုများကို အလေးအနက် ထားခဲ့ကြသူများဖြစ်ခဲ့ကြသည့်အလျောက် ထိုခေတ်ထိုအခါက ခြေလျင်စစ်သည်လောကတွင် နာမည်အကျော်ဆုံး ခြေလျင်စစ်သည်များ ဖြစ်ကြသည်။

ထိုအရေးကြီးလှသော စစ်ပွဲနှင့်ပတ်သက်၍ စစ်သမိုင်းသုတေသီတို့က ယခုတိုင် အသေးစိတ်မဖော်ထုတ်နိုင်ခဲ့ခြင်းမှာ ဝမ်းနည်းဖွယ် ကောင်းလှသည်။

အေသင်သားတို့နှင့် သေးဘဲစ်သားတို့ ကိုင်စွဲသည့် ၆ ပေရှည်လှံများသည် ၁၈ ပေမျှရှိသော မာဆေးဒိုးနီးယန်း စစ်သည်တို့အနီးသို့ မချဉ်းကပ်နိုင်အောင်ပင် ရှိလေသည်။

ဤသည်မှာ စစ်လက်နက်ပစ္စည်း တိုးတက်မြင့်မားရေးအတွက် ဖိလစ်တီထွင်ကြံဆခဲ့သော အကျိုးအမြတ်တစ်ခုပင် ဖြစ်လေသည်။ တိုက်ပွဲသတင်းအသေးစိတ်ကို စုဆောင်းရသမျှ ဖော်ပြရသော် ပဏာမတိုက်ပွဲတွင် ဖိလစ်သည် မိမိ၏တပ်များကို နောက်သို့ ဆုတ်ပေးလိုက်သည်။ ဤနည်းဖြင့် အတွေ့အကြုံလည်းနုနယ်၊ အသက်အရွယ်လည်းငယ်သော အေသင်သားစစ်သည်တို့ကို မြူဆွယ်လိုက်သည်။

ဖိလစ်သည် သားအား ပေးထားသော ခေါင်းဆောင်မှုမှာ ထိုးစစ်ဝင်ရမည့်တောင်ပံမှ ပေးထားခြင်းဖြစ်သည်။ စင်စစ် ဤနေရာသည် စစ်

mgyoe.com

mgyoe.com
ခေါင်းဆောင်တစ်ဦးအား ဂုဏ်ပြုပေးထားသော နေရာဖြစ်သည်။ ခန့်မှန်းခြေအရ အာလက္ခဇန်းဒါးသည် မြင်းတပ်ကို ဦးစွာ တိုက်ထုတ်လိုက်လိမ့်မည်။ ယင်းသို့တိုက်ထုတ်ရာတွင် ခွန်အား အရေအတွက်နှင့် စစ်စွမ်းရည်တို့ကို တစ်ချိန်တည်း အသုံးချ၍ တိုက်ထုတ်လိုက်လိမ့်မည်ဟု ယူဆရဖွယ်ရှိလေသည်။ ဤတွင် တိုက်ပွဲမဝင်ရသေးသော ဖိလစ်၏ မြင်းတပ်သည် ရန်သူ့ခြေလျင်တပ်၏ တောင်ပံတစ်ဖက်မှပန်းဝင်ကာ ပြိုလာသော ရန်သူ့မြင်းတပ်ကို ပိတ်ဆို့လိုက်သည်။

နောက်ဆုံးတွင် ဖိလစ်၏ တပ်ကြီးသည် ရန်သူတပ်ကြီးကို မြင်းခွာသဏ္ဌာန် ဝိုင်းမိသွားတော့သည်။ ထိုတိုက်ပွဲတွင်လည်း ရန်သူအင်အား ၈၀၀၀ ခန့်အနက် ၁၀၀၀ ခန့်ကို ကျဆုံးစေပြီး ၂၀၀၀ ခန့်ကို လက်ရဖမ်းဆီးရမိလိုက်သည်။

တစ်ဖန် ဤတိုက်ပွဲသည် အာလက္ခဇန်းဒါး၏ ပထမဦးဆုံးအောင်ပွဲဟူ၍လည်း ဆိုနိုင်ပေသည်။ စစ်ပွဲပြီးသည့်ညက ဖိလစ်သည် သူ့ထုံးစံအတိုင်း အောင်သေအောင်သား စားသည်။ ဤသည်မှာ အခြားမဟုတ်၊ စစ်ပွဲတစ်ပွဲနိုင်လေတိုင်း ထိုစစ်ပွဲတွင် သွေးထွက်သံယိုများလေတိုင်း ဖိလစ်သည် အမူးအကြူး အရက်သေစာသောက်ခြင်းပင် ဖြစ်လေသည်။

အေသင်မြို့ပြနိုင်ငံမှ သူ့ကို စစ်ကြေညာသည့်ခေါင်းဆောင်တို့ကို ကျိန်ဆဲသည့် သီချင်းများကိုလည်း သီဆိုသည်။ ဤတွင် မာဆေးဒိုးနီးယားနှင့် ငြိမ်းချမ်းရေးရလိုသော အေသင်စစ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒီမားဒဲက သတိပေးမှပင် ဖိလစ် အမူးပြေသွားတော့သည်။

ဒီမားဒဲမှာ မာဆေးဒိုးနီးယားနှင့် ငြိမ်းချမ်းရေး ရရှိရေးကို လိုလားသော်လည်း အေသင်စစ်ထဲဝင်လာသောအခါ သူလည်း စစ်တပ်ထဲ ပါဝင်ခေါင်းဆောင်ခဲ့ရသောကြောင့် ဤစစ်ပွဲကြီးတွင် သုံ့ပန်းအဖြစ် အဖမ်းခံရခြင်းဖြစ်သည်။

ထိုအချိန်တွင် အာလက္ခဇန်းဒါးသည် အိပ်ပျော်နေခဲ့သည်။ အသက် ကလည်း ၁၈ နှစ်ခန့်သာ ရှိသေးသည်။ မာဆေးဒိုးနီးယန်းမြင်းတပ်ကြီး တစ်တပ်ကို ဦးဆောင်ကာ တိုက်ပွဲဝင်ခဲ့သူဖြစ်၍ ပထမအကြိမ်ယှဉ်သတ်ဖူးခြင်းလည်း ဖြစ်တန်ရာသည်။ ထို့ကြောင့် မောမောပန်းပန်းနှင့်
mgyoe.com

mgyoe.com

အိပ်စက် အနားယူနေသည်ဟု ယူဆရသည်။

ဖိလစ်သည် နိုင်ငံရေးသမားကောင်းတစ်ဦး ဖြစ်သည်။ ဂရိမြို့ပြ နိုင်ငံတို့ကို သိမ်းပိုက်ရာ၌ စစ်ရေးအရ အချက်အချာကျသော နေရာများတွင် မြို့စောင့်တပ်၊ ခံတပ်တို့ကို ချထားရုံဖြင့် မလုံလောက်သည်ကို သိသည်။

မိမိကို မလိုလားသော ဂရိတို့ကို မိမိတပ်အင်အားဖြင့် ထိန်းကွပ် မရနိုင်မှန်း သိထားသည်။ ယင်းသို့ ထိန်းကွပ်ထားရန်လည်း မာဆေးဒိုး နီးယားတွင် လူဦးရေမများပြား။

အကယ်၍ ကြံဖန်အုပ်ထိန်းထားပါကလည်း မိမိ၏ ရာဇပလ္လင် သည် မီးကျိုးခဲဖြင့်သာပြီးသော ရာဇပလ္လင် ဖြစ်လိမ့်မည်ဟု စဉ်းစားမိခဲ့သည်။

စင်စစ် ဖိလစ်သည် ဂရိမြို့ပြနိုင်ငံတို့နှင့် ပြေလည်ရာပြေလည် ကြောင်း လမ်းစရှာခဲ့သည်ချည်း ဖြစ်သည်။ ထို့ကြောင့် စစ်ရေးထက် နိုင်ငံရေး နည်းလမ်းဖြင့် ဂရိတစ်ပြည်လုံးကို စည်းရုံးကာ တပ်ဦးသမဂ္ဂကြီးတစ်ခု ဖွဲ့မည်။ ထိုတပ်ဦးကို သူဦးဆောင်ကာ ပါရှားကို ဝင်တိုက်မည် စသည့် ရည်ရွယ်ချက်သည် သူနန်းရသည်မှ စတင်မွေးဖွားခဲ့သော ရည်ရွယ်ချက် ဖြစ်သည်။

သို့ရာတွင် သူ့ရည်ရွယ်ချက်မှာ မအောင်မြင်သေးချေ။ ယခု လောလောဆယ်၌မူ အာသင်နှင့် သေးဘဲစ်တို့၏ မဟာမိတ်ဖွဲ့စည်းမှုကို ခွဲခြားပစ်ရန် မရှောင်မလွှဲသာ လိုအပ်လာပြီဟု ဖိလစ်က တွက်သည်။ ယခု သူအောင်နိုင်ခဲ့သော စစ်ပွဲတွင် အေသင်နှင့် သေးဘဲစ်တို့ ပေါင်းတိုက်ခဲ့သည် မဟုတ်ပါလား။

သို့ဆိုလျှင် သေးဘဲစ်အုပ်ချုပ်ရေးအဖွဲ့ကို ကွပ်ကဲထားရမည်။ သေးဘဲစ်တို့ ဖျက်ဆီးခဲ့သော မြို့နှစ်မြို့ကိုလည်း ပြန်လည် တည်ဆောက် ရမည်။

ထိုမြို့သားတို့သည် မိမိတို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်ကို သေးဘဲစ် တို့အပေါ် ကျေချမ်းကြမည်မဟုတ်။ ထို့ကြောင့် ထိုမြို့များကို သေးဘဲစ် အုပ်ချုပ်ရေးအောက်တွင် ပြန်ပေါင်းပေးလိုက်လျှင် မိမိအနေဖြင့် သွေးခွဲ စည်း ရုံးနိုင်မည့် အခွင့်အရေးများ ရရှိလာမည်။

ဤသည်တို့မှာ သေးဘဲစ်နှင့်ပတ်သက်၍ ဖိလစ်၏ အကြံအစည်

mgyoe.com

mgyoe.com

များဖြစ်သည်။ အေသင်နှင့်ပတ်သက်၍ အေသင်သားတို့သည် ယင်းတို့ သိမ်းပိုက်ထားသော ဂေါလီပိုလီကျွန်းဆွယ်ကို မိမိအားပေးရမည်။ ထို ကျွန်းဆွယ်သည် မိမိအတွက် အရေးပါသည် စသည်ဖြင့် စီရင်လိုက်သည်။

ထိုနိုင်ငံရေး ရည်မှန်းချက်များအပေါ် ရပ်တည်ကာ ဖိလစ်သည် အေသင်တို့အပေါ် အံ့ဩလောက်သော ရက်ရောမှုတို့ကို ပြသလိုက်သည်။ သူ့ရက်ရောမှုကိုလည်း ဂရိတစ်ဝန်းလုံး သိစေရန် ကြေညာမောင်းခတ်လိုက်သည်။

ယင်းမှာ အခြားမဟုတ် အေသင်သုံ့ပန်းတို့ကို တစ်စုံတစ်ရာ လျော်ကြေးမယူဘဲ အေသင်သို့ပြန်အပ်ခဲ့ခြင်းပင်ဖြစ်သည်။ ကျဆုံးသော အေသင်စစ်သည်တို့၏ အလောင်းများကို စနစ်တကျ မီးသင်္ဂြိုဟ်ကာ ပြာများကို ဂုဏ်ပြုတပ်ဖွဲ့ဖြင့် အေသင်သို့ ပြန်ပို့လိုက်ခြင်းပင် ဖြစ်သည်။ ထိုဂုဏ်ပြုတပ်ဖွဲ့ကို အင်တီပက်ထရို့စ်နှင့် အာလက္ခဇန်းဒါးတို့အား ဦးဆောင်စေခဲ့သည်။

ဤအကြိမ်သည် အေသင်မြို့ပြနိုင်ငံသို့ အာလက္ခဇန်းဒါး ပထမဆုံးအကြိမ် ရောက်ဖူးခြင်းပင် ဖြစ်လေသည်။ ဖိလစ်၏ရက်ရောမှုသည် အေသင်မြို့ပြနိုင်ငံနှင့် မာဆေးဒိုးနီးယားပြည်တို့ မဟာမိတ်စာချုပ် ချုပ်ဆိုနိုင်ခဲ့သော အဓိကသော့ချက်ပင် ဖြစ်လေသည်။

ဖိလစ်နှင့် သူ့တပ်မတော်သည် အနောက်ပိုင်း အက်တီကားမှသည် ကိုးရင့်သ်သို့ ဆက်ချီခဲ့သည်။ ထိုမှတစ်ဖန် ပီလိုပိုးနီးစ်သို့ ဆက်ခဲ့သည်။ ချီရာလမ်းတစ်လျှောက်လည်း ရန်လိုသော၊ မိမိဘက်မပါဝင်လိုသော အိမ်နီးချင်းနိုင်ငံများနှင့် ဂရိတ်မြို့ပြနိုင်ငံတို့ကို သိမ်းပိုက်ခဲ့သည်။ ဤတွင် ဖိလစ်နှင့် ကြိုတင်နားလည်မှုယူကာ မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့သော မြို့ပြနိုင်ငံတို့က သူတို့လုပ်ရပ်မှန်လေခြင်းဟု နှစ်ထောင်းအားရ ရှိနေကြသည်။

သို့ရာတွင် ဖိလစ်သည် ဂရိပြည်တစ်ဝန်းလုံးနှင့်ကား တစ်စုံတစ်ရာ စာချုပ် ချုပ်ဆိုခြင်းမရှိသေးချေ။ ဤသို့ မဟာမိတ်စာချုပ် မချုပ်ဆိုခြင်းမှာလည်း ကျန်ရှိသော ဂရိမြို့ပြနိုင်ငံတို့သည် သူတို့နိုင်ငံအချင်းချင်း ညီညွတ်ရေးယူကာ တပ်ဦးဖွဲ့၍ တော်လှန်မည့် အလားအလာများ ရှိနေသောကြောင့် ဖြစ်လေသည်။

စပါတာမှာမူ ရှေးယခင်ကကဲ့သို့ ခေါင်းမာဆဲဖြစ်နေသော်ငြားလည်း

mgyoe.com

ဖိလစ်သိမ်းပိုက်ထားသော ပီလိုပိုးနီးစ်မှာ ထောင့်တွင် ချောင်ပိတ်မိနေ၍ တစ်စုံတစ်ရာ လှုပ်ရှားနိုင်စွမ်း မရှိတော့ချေ။ ဖိလစ်နှင့် မဟာမိတ်ပြုရေးကိုမူ ငြင်းဆိုဆဲဖြစ်သည်။

ဤတွင် ဖိလစ်သည် စပါတာနှင့် မတည့်သော မြို့ပြနိုင်ငံများမှ စစ်သည်များနှင့် အင်အားဖြည့်၍ စပါတာပိုင် နယ်မြေများကို ပြန်တိုက်ကာ အိမ်နီးချင်းနိုင်ငံများသို့ ခွဲ၍ပေးလိုက်သည်။

အချုပ်အားဖြင့်ဆိုရသော် ဖိလစ်သည် သူချီရာ လမ်းတစ်လျှောက်မှ မြို့ပြနိုင်ငံများနှင့် သီးခြားမဟာမိတ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဟူ၍တော့ ဆိုနိုင်ပြီ။ ပါရှားတစ်ဝန်းလုံးကို စုရုံး၍ စစ်ချီရန် တပ်ဦးတော့ မဖွဲ့နိုင်သေးချေ။

သို့သော် စစ်ရေးအရ မအောင်မြင်သည်တို့ကို နိုင်ငံရေးအရ ဆောင်ရွက်နေဆဲတော့ဖြစ်၏။ စစ်ရေးကို ယာယီရပ်၍ နိုင်ငံရေးကို ဆောင်ရွက်နေဆဲကာလ၏ နောက်တစ်နေ့တွင် ဖိလစ်ကို မာဆေးဒိုးနီးယားတွင် ပြန်လည် တွေ့မြင်လာရသည်။ သူသည် ကြီးမားလှသော စစ်ဆင်ရေးကြီး တစ်ရပ်ကို ဆင်နွှဲရန် အသင့်ပြင်ဆင်နေလေသည်။

ယင်းသို့ စီမံကိန်းချ၍ စနစ်တကျ ဆောင်ရွက်မည့် စစ်ဆင်ရေး တစ်ရပ်ကို ဆောင်ရွက်မည့်ကာလ၌ပင် သွေးပူသော လူတို့၏ တွေးတတ်မြဲ ဓမ္မတာအတိုင်း အကြံအစည်ကောင်းတစ်ခု အကောင်အထည် ပေါ်လုဆဲတွင် ဖိလစ်ဘုရင်သည် အမျိုးသမီးတစ်ယောက်အပေါ် စုံမက်မိပါလေတော့သည်။ ဤသို့ မိန်းမလှတို့ကို ဖိလစ်ဘုရင် စုံမက်မိသည်မှာလည်း တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်၊ အကြိမ်နှစ်ဆယ်လည်း မကတော့ပါချေ။

ထိုအမျိုးသမီးငယ်မှာ သူ့သမီး အငယ်လေးနှင့် နာမည်တူ ကလီယိုပက်ထရာ အမည်ရှိသူဖြစ်ပြီး စစ်သူကြီး အက်တာလို့စ်၏ တူမလည်း ဖြစ်လေသည်။ စစ်သူကြီးအက်တာလို့စ်မှာ အာရှစစ်မျက်နှာ တပ်ပေါင်း ဦးစီးချုပ်တစ်ဦး ဖြစ်လေသည်။ အက်တာလို့စ်ဆိုသည်ကလည်း မာဆေးဒိုးနီးယန်း မှူးမျိုးမတ်နွယ်တစ်ဦး ဖြစ်သည်။

ထို့ကြောင့် အမျိုးကမြင့်မြတ်သည့်အပြင် ရာထူးဂုဏ်သိမ်ကလည်း ကြီးသည်။ ထိုပုဂ္ဂိုလ်မျိုး၏ တူမသည် ဖိလစ်၏ ယာယီမောင်းမတစ်ဦးတော့ ဖြစ်ခွင့်မပြုနိုင်၊ တရားဝင် ထိမ်းမြားမှဖြစ်မည်။

mgyoe.com

အိုလံပီယာကလည်း ထိုအဆင့်ကို လက်ခံနိုင်မည် မဟုတ်။ သို့ရာတွင် ဖိလစ်သည် အိုလံပီယာ၏ အငြူအစူ၊ အဆောင့်အအောင့်တို့ကို ဥပေက္ခာပြုခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဖိလစ်သည် အိုလံပီယာအား သူမအဆောင်မှ မထွက်နိုင်ရန် စီစဉ်လိုက်သည်။ ပြီး...ထိမ်းမြားပွဲကို ဖိလစ်၏ အဆောင်မှာပင် ပြီးမြောက်စေလိုက်သည်။ မင်္ဂလာအခမ်းအနား ပြီးဆုံးပြီး နောက်၊ မာဆေးဒိုးနီးယန်း ထုံးစံအတိုင်း သောက်ပွဲကြီး ကျင်းပကြသည်။ တက်ရောက်သူအားလုံးလည်း မူးရူးကုန်ကြပေပြီ။ နဂိုက မာနကလည်း ခပ်ကြီးကြီး အရက်ကလည်း မူးနေပြီဖြစ်သော စစ်သူကြီး အက်တာလို့စ်သည် ထိုင်ရာမှ ထရပ်လိုက်သည်။ နောက် သတို့သား သတို့သမီးတို့ နိဗ္ဗာန်တိုင် ရွှေဂေဟာဆက်စေကြောင်း ဆုတောင်းပြီးသည်၏အဆုံးတွင် နန်းလောင်းနန်းလျာ သားရတနာလေးတစ်ပါး ဖွားမြင်စေရန် ဆန္ဒပြုကြောင်း ဆက်လက် မိန့်ခွန်းခြွေပါလေတော့သည်။

စောစောပိုင်းက အချိန်ထိ အာလက္ခဇန်းဒါးသည် ခန်းမဆောင်၏ တစ်ဖက်တွင် သူ့အပေါင်းအသင်းများနှင့်သူ သောက်စားကာ ခပ်အေးအေး လူလူပင် နေခဲ့သည်။ အခမ်းအနားတွင် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့။ သို့ရာတွင် သစ်တုံးသော်မှ တိုက်ပါများလျှင် လှုပ်လာတတ်မြဲ မဟုတ်ပါလား။

အာလက္ခဇန်းဒါးသည် ထိုင်ရာမှ "ဝုန်း"ခနဲ ထရပ်လိုက်သည်။

"ကျုပ်ကို ဘယ်သွားထားမှာလဲ လူမိုက်ရဲ့၊ ခင်ဗျားက ကျုပ်ကို ဖ မစစ်သားလို့ ထင်နေလို့လား"

ထိုစကားနှင့်အတူ အာလက္ခဇန်းဒါးသည် သူ့လက်ထဲရှိ အရက်ခွက်ထဲမှာ အရက်တို့ဖြင့် အက်တာလို့စ်၏ မျက်နှာကို ပက်ထည့်လိုက်သည်။ သည်အခါ ကြားမဝင် မနေသာသော ဖိလစ်သည် ခုန်ထလိုက်သည်။ သူ့လက်ဝယ်လည်း ဓားလွတ်အသင့်ရှိနေသည်။ အာလက္ခဇန်းဒါးရှိရာသို့ ပြေးသွားသည်။

ဤသို့ အပြေးတွင် လမ်းတစ်လျှောက်ရှိ ခလုတ်တံသင်းတို့ကြောင့် လမ်းတစ်ဝက်တွင် ကြမ်းပြင်ပေါ်သို့ လဲသွားတော့သည်။ ဖိလစ်လဲသွားသည်ကို မြင်ရသောအခါ အာလက္ခဇန်းဒါးက လှမ်းအော်လိုက်သည်။

mgyoe.com

mgyoe.com

"ကိုင်း…ပရိသတ်တို့ ကြည့်ကြပါဦး၊ ဥရောပကနေ အာရှကို စစ်ချီရအောင် ပြင်ဆင်နေတဲ့သူက စားပွဲတစ်လုံးကနေ တစ်လုံးတောင် ဖြတ်မကူးနိုင်ဘဲ လဲရတယ်တဲ့ဗျာ"

သားအဖ အချင်းများမှု ဤမျှနှင့် ပြီးသွားသည်မှာ အံ့ဩဖွယ်ကောင်းလှသည်။ အကြောင်းမှာ အာလက္ခဇန်းဒါး၏ သူငယ်ချင်းများက အာလက္ခဇန်းဒါးကို ခန်းမဆောင်အတွင်းမှ အချိန်မီ ခေါ်ထုတ်သွားနိုင်၍ ဖြစ်သည်။ အကြောင်းမှာလည်း ဖိလစ်သည် နောက်တစ်နေ့တွင် သူ့အမှားကို သူ ပြန်တွေးမိ၍ ဖြစ်နိုင်သည်။

သို့ရာတွင် အာလက္ခဇန်းဒါးသည် ခမည်းတော် ခွင့်လွှတ်သည်။ ခွင့်မလွှတ်သည်ကို စောင့်ဆိုင်းကြည့်ရှုမနေတော့ဘဲ သူငယ်ချင်းအချို့နှင့် မိခင် အိုလံပီယာကိုခေါ်ကာ တောင်တန်းကြီးများပေါ်မှတစ်ဆင့် မိခင်ကြီး၏ မွေးရပ်နိုင်ငံသို့ ထွက်ခွာသွားပါလေတော့သည်။

မိခင်၏ ဇာတိသို့ရောက်လျှင် အာလက္ခဇန်းဒါးသည် မိခင်အား ထားခဲ့ပြီး မြောက်အရပ်ရှိ ရန်သူဟောင်းဖြစ်သည့် အီလီရီးယားသို့ ထွက်ခွာခဲ့သည်။ အီလီရီးယားတွင် သူ့ကိုယ်ပိုင် အိမ်တစ်အိမ်ရှိသည်။ အီလီရီးယားတို့သည် မာဆေးဒိုးနီးယန်း အိမ်ရှေ့မင်းသားကို သွေးကြွေး တစ်စုံတစ်ရာ မရှိ။

အာလက္ခဇန်းဒါး လာရောက်ခြင်းအားဖြင့် မာဆေးဒိုးနီးယန်းတို့ ရန်ပြုလာလျှင် ဓားစာခံအဖြစ်လည်းကောင်း၊ ငြိမ်းချမ်းနေခဲ့လျှင် ဘုရင့်ကိုယ်စားလှယ်အဖြစ်လည်းကောင်း အသုံးဝင်နေခဲ့ခြင်းကြောင့် ဖြစ်သည်။

အာလက္ခဇန်းဒါး၏ ပြည်ပြေးဘဝ၊ သို့မဟုတ် အဝေးရောက်ခရီးမှာ သိပ်မကြာလိုက်ပါချေ။ အကြောင်းမှာ ကိုးရင့်သ်မြို့သား ဒီမာရာတို့စ်၊ ဖိလစ်တပ်မှ အရာရှိတစ်ယောက်က သားအဖနှစ်ဦး သင့်မြတ်အောင် ပြန်လုပ်ပေးပြီး သူကိုယ်တိုင် အာလက္ခဇန်းဒါးကို ပြန်ခေါ်သွားခြင်းကြောင့် ဖြစ်သည်။

အာလက္ခဇန်းဒါး ပြန်ရောက်၍ မကြာမီမှာ ဖခင်ဖိလစ်နှင့် တစ်ကြိမ်ထပ်မံ ရန်ဖြစ်ပြန်သည်။ ဤအကြိမ် သားအဖနှစ်ဦးတို့ အချင်းများရာတွင် ရှေးရှေးကကဲ့သို့သော ပြီးလွယ် ငြိမ်းလွယ် အကြောင်းလေးများမဟုတ်ဘဲ ဖြေရှင်းရန် ခက်ခဲသော အရေးအခင်းတစ်ခုပဲ ဖြစ်သည်။ အာလက္ခဇန်းဒါးကို

mgyoe.com

mgyoe.com


ထိမ်းမြားပေးရေးနှင့် ပတ်သက်၍ ပေါ်ပေါက်လာရသော အရေးအခင်းပါ တည်း။ ဖြစ်ပုံမှာ ဤနှယ်ပေ။

အာရှမိုင်းနား အနောက်တောင်ရှိ ကာဒီးယားတ၏ ဘုရင်ငယ်ဖြစ်သူ ပစ်ဆိုဒါသည် ပါရှားဘုရင်၏ သြဇာခံဖြစ်လင့်ကစား ဖိလစ်ဘုရင်နှင့် အဆက်အသွယ် ရှိနေခဲ့၏။

ထို ကာဒီးယားပြည်နယ်နှင့် အနီးပတ်ဝန်းကျင်တို့တွင် ပါရှား ဘုရင်ကို ထောင်ထားလိုသော စိတ်ဓာတ်များ ပြန့်ပွားလာခဲ့သည်။ ထို့ကြောင့် ဖိလစ်ဘုရင့်ထံမှ စစ်ကူတောင်းခဲ့သည်။ ယင်းကိစ္စကို ဖိလစ်သည် အရေး တယူပြုကာ သူ၏ ညာလက်ရုံးစစ်သူကြီး ပါမင်နီယံ ဦးဆောင်သော စစ်တပ်ကြီးတစ်တပ်ကို စစ်ကူပို့လိုက်၏။

ဤတွင် ကာဒီးယားပြည်သူတို့သည် စစ်ကူပေးသော ဖိလစ်ကို ဂုဏ်ပြုသောအားဖြင့် ဖိလစ်၏ ရုပ်တုတစ်ခုကို သူတို့၏ အထွတ်အမြတ် ထားသော ဘုရားကျောင်းတွင် စိုက်ထူဂုဏ်ပြုခဲ့သည်။ ထိုမျှသာမကသေး ဖိလစ်နှင့်မဟာမိတ်ပြုမှု တာရှည်တည်စိမ့်ခြင်းငှာ ကာဒီးယားဘုရင် ပစ်ဆိုဒါ သည် သူ၏ သမီးတော်အကြီးဆုံးနှင့် ဖိလစ်ဘုရင်၏သားတော်တစ်ပါးပါ လက်ဆက်ရန် ကမ်းလှမ်းလာသည်။

သို့ရာတွင် ဖိလစ်သည် သူ့နန်းလျာဖြစ်သည့် အာလက္ခဇန်းဒါးနှင့် အာရှတိုက်မှ ဘုရင်ငယ်တစ်ပါး၏ သမီးတော်အား လက်ဆက်ရန် ရည်ရွယ် ချက် လုံးဝမရှိခဲ့ချေ။

တစ်ချိန်တည်းမှာပင် ဖိလစ်သည် နိုင်ငံရေးအရ တစ်ဖက်က ကမ်း လှမ်းချက်ကို မရှောင်မလွှဲသာ လက်ခံရမည်ဟု ယူဆထားသဖြင့် အမျိုး မမြတ်သော အမိမှ မွေးဖွားသော သူ့သားတစ်ပါးနှင့် လက်ဆက်ပေးရန် အကြံအစည်ရှိခဲ့လေသည်။ ထိုသားမှာ စိတ်လည်း မမှန်ချေ။

ထိုသတင်းသည် အာလက္ခဇန်းဒါးထံသို့ ရောက်လာသည်။ နဂို ကမှပင် ဖခင်အပေါ် မယုံကြည်၊ မိမိ နန်းမှရပါမည်လားဟု သံသယဖြစ်ဆဲ တွင် ဤကိစ္စပေါ်လာသဖြင့် ပို၍ သံသယဖြစ်လာသည်။

သည်ကြားထဲ မိခင်ကလည်း ဖခင် မကောင်းကြောင်း စာအတန် တန် ရေး၍ ပို့နေသည်။ အမြော်အမြင်နည်းသော သူငယ်ချင်းများကလည်း

mgyoe.com

mgyoe.com

လိုရာဆွဲတွေးကာ အာလက္ခဇန်းဒါးအား မလျော်ကန်သော အကြံဉာဏ်များ ပေးကြသည်။

ဤတွင် အာလက္ခဇန်းဒါးသည် ဖိလစ်၏ ဥမ္မတ္တကသားနှင့် အာရှတိုက် ဘုရင်ငယ် သမီးတော်တစ်ဦး၏ လျာထားချက်မှာ မာဆေးဒိုးနီးယားနန်းမွေကို မည်သူခံရမည်ကို ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်ကြောင်း ယုံမှားသံသယဝင်သွားတော့သည်။

သည်အခါ အာလက္ခဇန်းဒါးသည် သူ့ဆန္ဒအလျောက် အာရှဘုရင်ငယ်နှင့် တိုက်ရိုက်ဆက်သွယ်လိုက်သည်။ အကြောင်းမှာ ယင်း၏သမီးတော်သည် ဖိလစ်၏ မိန်းမစစ်သားနှင့် လက်ဆက်မည်လား။ နန်းညွှန့်၊ နန်းလျာဖြစ်သည် မိမိ (အာလက္ခဇန်းဒါး)နှင့် လက်ဆက်မည်လားဟုပင် ဖြစ်သည်။

ပါရှားဘုရင်ငယ် ပစ်ဆိုဒါအနေဖြင့်မူ အကျေနပ်ကြီး ကျေနပ်သွားပါ၏။ မကျေနပ်ဘဲ နေနိုင်ပါမည်လား။

ဖိလစ်သည် ထိုသတင်းကို မကြာမီပင် ကြားရတော့သည်။ အမျက်တော် ခြောင်းခြောင်းထွက်ခဲ့သည်။ သို့ရာတွင် သား၏ ချစ်ခြင်းဖြင့် ဒေါသကို ကြီးစွာသော အားထုတ်ခြင်းဖြင့် ချုပ်ငြိမ်းလိုက်ရသည်။ ဤသည်မှာ အာလက္ခဇန်းဒါးအပေါ် မည်မျှ အလိုလိုက်ကြောင်းကို ပြသသည့် နောက်ထပ် သာဓကတစ်ရပ်ပင် ဖြစ်ပါ၏။

ဖိလစ်သည် အာလက္ခဇန်းဒါးအခန်းသို့ လျှို့ဝှက်စွာ ဝင်သွားခဲ့သည်။ သူ့တွင် အဖော်ဟူ၍ အာလက္ခဇန်းဒါး၏ ရောင်းရင်းစစ်သူကြီး ပါမိနီယံ၏သား ဖိလိုတတ်စ်ကိုသာ ခေါ်ဆောင်သွားခဲ့သည်။ သားကို ခပ်ကြမ်းကြမ်းလေးပင် ဆူပူကြိမ်းမောင်းလိုက်သေးသည်။ ယောကျ်ားချင်း မေးသည့် ပုံစံမျိုးဖြင့်လည်း တစ်ခွန်းချင်းမေးလိုက်သည်။

"မင်းလုပ်တဲ့ အလုပ်ကို မင်းနားလည်ရဲ့လား"

တစ်ဆက်တည်းမှာပင် သားကို ကိုယ့်ကိုယ်ကိုယ် သည်မျှ အထင်သေး အမြင်သေးဖြစ်ကာ အာရှတိုက် ဘုရင်ငယ်တစ်ပါး၏သမီးနှင့် လက်ဆက်ရန် ကြံရွယ် သင့်၊ မသင့် မေးမြန်းလိုက်သည်။ အမှန်စင်စစ် ကာဒီးယားဘုရင်မှာ ဘုရင်ဟူသောဘွဲ့ပင် မခံထိုက်သူဖြစ်ကြောင်း၊ ပါရှားဘုရင်၏ ကျေးကျွန်တစ်ဦးမျှသာဟူ၍ ပြောဆိုကာ ပြစ်တင်ကြိမ်းမောင်းလေသည်။
mgyoe.com

mgyoe.com


သည့်အခါ အာလက္ခဇန်းဒါးသည် တစ်စုံတစ်ရာ ပြန်မပြော သူ့အမှားကို သူသိသည့်ပုံဖြင့် ခေါင်းသာငုံ့နေသည်။ ဖခင်ပေးသည့် ဆေးခါးကြီးကို ကြိတ်မှိတ်မျိုချသည့် ပုံစံမျိုးပါတည်း။

သို့ရာတွင် ဖိလစ်သည် အာလက္ခဇန်းဒါး၏ သူငယ်ချင်းများအပေါ် အတော်ပင် မျက်စိစပါးမွေး စူးသွားရတော့သည်။ ထိုသူငယ်ချင်းတို့သည် နိုင်ငံတော်အရေးတွင် ဝင်ရှုပ်ခဲ့သည်။ နိုင်ငံတော်အရေးသည်ပင် မိသားစုအရေးဖြစ်သည်။ မိသားစုအရေးသည် နိုင်ငံတော်အရေးနှင့် ခွဲခြားမရဟု ယူဆသော ဖိလစ်ဘုရင်သည် အာလက္ခဇန်းဒါး၏ သူငယ်ချင်းများဖြစ်သည့် ဟာပါးလို့စ်၊ နီယားခေါ့စ်၊ အီရီဂျီကျက်စ်နှင့် တိုလေမီတို့ကို မာဆေးဒိုးနီးယားမှ ပြည်နှင်ဒဏ်ခတ်လိုက်လေသည်။

ထိုအတောအတွင်း၌ ဖိလစ်သည် အာရှကို စစ်ချီရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကို ပြင်ဆင်နေလေသည်။ ယင်းသို့ အာရှသို့ ခြေမလှမ်းမီ၌လည်း ဥရောပတွင် အခြေခိုင်အောင် ပြင်ဆင်နေရသေးသည်။

ဥရောပတွင် အခြေခိုင်ရန်အတွက် အနောက်ဘက်ရှိ အိမ်နီးချင်းနိုင်ငံများနှင့် အပြေအလည်ရှိထားရန် လိုအပ်လေသည်။ ထို့ကြောင့် ဖိလစ်သည် အီပဲရို့စ်ဘုရင် အာလက္ခဇန်းဒါး (အိုလံပီယာ၏ အစ်ကိုတော်)ထံသို့ သဝဏ်လွှာနှင့်တကွ သံတမန်များကို စေလွှတ်ခဲ့သည်။ အိုလံပီယာ၏အစ်ကို အာလက္ခဇန်းဒါးနှင့်လည်း သူကိုယ်တိုင်က စစ်ဘက်ကို ဝါသနာထုံသည့်အပြင် နှမမျက်နှာကလည်းရှိနေသဖြင့် သံတမန်တို့ကို အကြည်အသာ ဆက်ဆံခဲ့သည်။

ဖိလစ်သည် နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်း ဖောက်နိုင်ရန်အတွက်လည်း အီပဲရို့စ်ဘုရင် အာလက္ခဇန်းဒါးကို ၎င်း၏သမီးထွေး ကလီယိုပက်ထရာနှင့် လက်ဆက်ရန် ကမ်းလှမ်းခဲ့သည်။ ထိုလက်ဆက်မှု၏ ရလဒ်မှာ အီပဲရို့စ်ဘုရင် အာလက္ခဇန်းဒါးသည် သူ့တပ်များကို အီလီရီးယန်းဘက်သို့ မြားဦးလှည့်သွားခြင်းပင် ဖြစ်လေသည်။

အီပဲရို့စ်ဘုရင် အာလက္ခဇန်းဒါးသည် တိုက်ပွဲများတွင် အောင်ပွဲရခဲ့သော်လည်း တပ်ပြေးတစ်ယောက်၏ ဓားချက်ဖြင့် ကံကုန်ခဲ့လေသည်။

အီပဲရို့စ်ဘုရင် ကံကုန်သောအခါ ကလီယိုပက်ထရာသည် ဖိလစ်

mgyoe.com

mgyoe.com

နှင့်အိုလံပီယာ၏ သမီးတော်ပီပီ အခြေအနေ ယိုယွင်းနေသော အီပဲရိုစ်ကို နိုင်နင်းစွာ အုပ်ချုပ်ထားနိုင်သည်ဟု သိရလေသည်။ ဤတွင် ဖိလစ် အကြောင်း ပြန်ဆက်ရန် လိုအပ်လာသည်။ အာရှသို့ စစ်မချီမီ ဖိလစ်သည် သမီးတော်၏ လက်ထပ်မင်္ဂလာပွဲ နေပြည်တော်တွင် ခမ်းနားကြီးကျယ်စွာ စီစဉ်လေသည်။

ဂရိပြည်တစ်ဝန်းရှိ မင်းစိုးရာဇာများကိုလည်း ဖိတ်ခဲ့သည်။ ဤသို့ ဖိတ်ရာတွင် နိုင်ငံရေး ရည်ရွယ်ချက်လည်း ပါသည်။

သတ်မှတ်ထားသည့် မင်္ဂလာနေ့ရက်တွင် မင်္ဂလာအခါတော် စသည့် ရှေ့ဆုံးမှ ဘုရားရုပ်တုတို့ ကြွချီကြသည်။ ထိုဘုရားနောက်တွင် ဖိလစ်က လိုက်ပါလာသည်။ ထိုနေ့က ဖိလစ်သည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ကိုယ်ရံတော်များကို ခပ်လှမ်းလှမ်းတွင်ထားကာ တစ်ယောက်တည်း လျှောက်ဝင်လာခြင်း ဖြစ်သည်။

ဤသို့ ကိုယ်ရံတော်များနောက်တွင် ထားခဲ့ခြင်းမှာလည်း သူ့ကိုယ်သူ ပြည်သူချစ်သော ဘုရင်အဖြစ် ဂရိဧည့်သည်များ ရှေ့မှောက်တွင် ပြသလို၍ ဖြစ်သည်။

ခဏမျှ ကြာသောအခါ ဘုရားသည် ထောင့်တစ်ခုသို့ ချိုးဝင်လိုက်သည်။ ဖိလစ်သည်လည်း ထိုဘုရားများနောက်မှ တစ်ဦးတည်း ကပ်လိုက်သွားသည်။

ယင်းသည့်အခိုက် လူငယ်တစ်ယောက် ပြေးထွက်လာသည်။ စင်စစ် ၎င်းလူငယ်ကိုယ်တိုင်ကလည်း ဖိလစ်၏ ကိုယ်ရံတော်တပ်သားဟောင်းတစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့် တစ်စုံတစ်ယောက်ကမျှ အဟန့်အတား ပြုရကောင်းမှန်း မသိလိုက်ချေ။

ဖိလစ် နောက်သို့ ပြန်လှည့်မကြည့်နိုင်မီ ဖိလစ်အား ဖြက်ကြီးသော ကဲလ်တစ် ဓားမြှောင်ကြီးဖြင့် ထိုးကာ လူသတ်သမားသည် ထွက်ပေါက်သို့ ပြေးသွားပါလေတော့သည်။

အစောင့်တို့က လုပ်ကြံသူနောက်သို့ ချက်ချင်းပြေးလိုက်ကြသည်။ ထိုအစောင့်တို့ကို ပါရှားမှ မင်္ဂလာပွဲတက်ရန် ခေတ္တပြန်ရောက်လာသော အက်ဘာလို့စ်က ဦးဆောင်ပြီးလိုက်ခဲ့ရာ ပါဒီခါ့စ်နှင့် လီယိုနားဒိုးစ်တို့က
mgyoe.com

mgyoe.com


လည်း နောက်မှ ထက်ကြပ်လိုက်ခဲ့လေသည်။ သို့ရာတွင် အဆောင်ထွက်ပေါက်တွင် လူသတ်သမားအတွက် တစ်စုံတစ်ယောက်က အသင့်စီစဉ်ထားသော မြင်းနှစ်ကောင်ကလည်း အသင့်ရှိနေသည်။ (လူသတ်သမားသည် မင်္ဂလာအခမ်းအနား၏ အစီအစဉ်များကို ကြိုတင်သိရှိထားဟန်ရှိသည်)

ယခုပုံအရသော် လူသတ်သမား အလွယ်တကူ လွတ်မြောက်သွားမည့် အရိပ်အကဲများ ရှိနေလေသည်။ ထိုစဉ်ခိုက်တွင် မမျှော်လင့်သော အခြင်းအရာတစ်ခု ဖြစ်ပွားလာသည်။ ယင်းမှာ အခြားမဟုတ်၊ လူသတ်သမားသည် သစ်ပင်ဖိနပ်ကြိုးနှင့် ပန်းချုံတစ်ချုံငြိပြီး မြေပြင်သို့ လဲကျသွားခြင်းပင် ဖြစ်လေသည်။

လူသတ်သမား မထနိုင်မီ ပါဒီခါ့စ် လှံသွားသည် လူသတ်သမား၏ နှလုံးသားကို တိုးလျှိုပေါက် ဖောက်ထွက်ကာ မြေပြင်တွင် အခိုင်အမာ စိုက်နေပြီဖြစ်လေသည်။

ဤနည်းဖြင့် လူသတ်သမားကို လက်စားချေနိုင်လိုက်သော်လည်း ဖိလစ်ကိုမူ ကယ်တင်၍မရချေပြီ။ လူသတ်သမား လက်ချက်ဖြင့် နေရာတွင် ကံကုန်နှင့်လေပြီတည်း။

❑

mgyoe.com

mgyoe.com

# အခန်း (၄)
# အာလက်ဇန်းဒါးဘုရင်
# ဂရိနှင့် ဘော်လကန်ဒေသ
# (ဘီစီ ၃၃၆-၅)

မာဆေးဒိုးနီးယန်းဘုရင်တို့သည် မာဆေးဒိုနီးယန်း တပ်မတော်၏ သတ်မှတ်ဆုံးဖြတ်ထားချက်အတိုင်း ပြည်သူလူထု အများစုကြီး၏ ထောက်ခံချက်ရမှသာလျှင် နန်းတက်ခွင့် ရလေသည်။ ဖိလစ် အလောင်းနှင့် လူသတ်သမားတို့၏ အလောင်းကို ပြင်ပသို့ ထုတ်မသွားမီဦးပင် အာလက်ဇန်းဒါးသည် စင်မြင့်ပေါ်သို့ ရောက်နေပြီဖြစ်လေသည်။ တင့်တယ်သော ဥပမိရုပ်၊ သွက်သောလျှာတို့ဖြင့် ပရိသတ်ကို ထိန်းထားလိုက်နိုင်ပြီ ဖြစ်သည်။ သူ့ကို ဘုရင်တင်မြှောက်ပါဟု မတောင်းဆိုသော်လည်း သူ့ကိုယ်သူ ဘုရင် တစ်ပါး၏ ရာဇဣန္ဒြေမျိုးကို အပြည့်ဆောင်ကာ ပရိသတ်ကို အလွန်အကြူး ကြေကွဲဝမ်းနည်း မဖြစ်စေရန် မိန့်ခွန်းခြွေနေလေတော့သည်။

တစ်ဆက်တည်းမှာပင် မိမိသည် တိုင်းပြည်ကို ခမည်းတော်လက်ထက်ကအတိုင်း အုပ်ချုပ်သွားမည်ဖြစ်၍ ဘုရင်၏ ဘွဲ့နာမည်သာ ပြောင်းလဲသွားမည်ဖြစ်ပြီး မာဆေးဒိုးနီးယားပြည်ကြီး၏ အုပ်ချုပ်ရေးပုံစံသည် ရှေ့အတိုင်းပင် ရှိမည်ဖြစ်ကြောင်း ကြေညာလိုက်လေသည်။

mgyoe.com

mgyoe.com


တပ်မတော်သားများနှင့် ပြည်သူလူထုက တစ်ခဲနက်ထြဘာပေး လိုက်ကြလေသည်။ စစ်ဗိုလ်၊ တပ်မှူး၊ စစ်သူကြီးအပါအဝင် မှူးမတ်တို့က လည်း အာလက္ခဇန်းဒါးကို မိမိတို့ဘုရင်အဖြစ် အသိအမှတ်ပြုပါသည် ဟူသောသဘောဖြင့် အာလက္ခဇန်းဒါးအနီးသို့ ဝိုင်းဝန်းလာကြသည်။

အာလက္ခဇန်းဒါးကို ထောက်ခံသူများတွင် ယခင်က အနည်းငယ် အတင်းအမာရှိနေသော ဘုရင်ငယ်တို့လည်း ပါဝင်သည်။ အာလက္ခဇန်းဒါး သည် သူ့ကို ထောက်ခံသူများအား ဂုဏ်သရေအလိုက် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်လိုက်သည်။

မင်းစိုးရာဇာများဖြင့် ခြံရံလျက် အာလက္ခဇန်းဒါးသည် ဖိလစ်ဘုရင် လုပ်ကြံခံရသောကြောင့် ကြိမ်မီးအုံးမှုဖြစ်နေသော လူထုကြားမှဖြတ်ကာ နန်းတော်သို့ ပြန်ခဲ့သည်။

အာလက္ခဇန်းဒါးဘုရင်တွင် လုပ်ဆောင်စရာကိစ္စ မြားမြောင်စွာ ရှိနေသည် မဟုတ်ပါလော။

ခမည်းတော်ကို လုပ်ကြံသူကိုတော့ လက်စားချေပြီးခဲ့လေပြီ။ တစ်ချိန်တည်းမှာပင် ထိုလူသတ်သမား၏ ရည်ရွယ်ချက်နှင့် နောက်ကွယ် တွင် မည်သူမည်ဝါများရှိနေသေးကြောင်း စသည့် သိသင့်သိထိုက်သော အခွင့်အရေးလည်း သေသူ၏ ဝိညာဉ်နှင့်အတူ ပျောက်ကွယ်ခဲ့ပြီး ဖြစ်သည်။

လူသတ်သမားသည် ပေါ်ဆန်းနီးယတ်စ် ဖြစ်သည်။ သူသည် အက်တာလို့စ်၏ အခြွေအရံတစ်ဦးနှင့် အချင်းများခဲ့သည်။ ယင်းကိစ္စနှင့် စပ်၍ အက်တာလို့စ်၏ မြင်းထိန်းများက ဝိုင်းရိုက်ခဲ့သည်။ ဤသည်ကို ပေါ်ဆန်းနီးယတ်စ်က ဖိလစ်ဘုရင်ကို တိုင်ကြားခဲ့သည်။

သို့ရာတွင် ဖိလစ်သည် သူ၏ စစ်သူကြီးတစ်ဦးဖြစ်သော အက်တာ လို့စ်နှင့် မျက်နှာမပျက်စေခြင်းငှာ ပေါ်ဆန်းနီးယတ်စ်၏ တိုင်တန်းချက်ကို ဥပေက္ခာပြုနေလိုက်သည်။

ဤသည်ပင် ပေါ်ဆန်းနီးယတ်စ်၏ ဖိလစ်အပေါ် မကျေမချမ်း ချက်၊ သို့မဟုတ် ရန်ငြိုးဖြစ်နိုင်ရာသည်။

သို့ရာတွင် ယင်းဖြစ်ရပ်မှာ နှစ်အတန်ပင် ကြာခဲ့ပြီဖြစ်သည်။ မည်သို့ ရှိစေ ဖိလစ်ကို လုပ်ကြံရာ၌မူ ပေါ်ဆန်းနီးယတ်စ်တွင် လုပ်ကြံဖော် လုပ်ကြံ

mgyoe.com

mgyoe.com


ဖက် ကူညီထောက်ပံ့သူ တစ်စုံတစ်ယောက်တော့ ရှိရပေမည်။

ကြံရာပါ ရှိ၍သာလျှင် မြင်းတွေကို အသင့်ထားနိုင်ခြင်းနှင့် ဖိလစ်၏ လျှောက်ချီမည့် အစီအစဉ်ကို အသေးစိတ် သိနိုင်ခြင်းဖြစ်ပေမည်။

ဖိလစ်ကလည်း အယုံလွယ်လွန်းသည်။ ပေါ်ဆန်းနီးယတ်စ်ကလည်း နိုင်ငံရေးကျားကွက်တွင် အသုံးချလိုသူတစ်ယောက်၏ အစတေးခံကျားလေးတစ်ကောင်အဖြစ် ခံခဲ့ရချေသည်။

ပေါ်ဆန်းနီးယတ်စ်၏ နောက်ကွယ်တွင် ရှိနေမည့် ကြံရာပါများနှင့် ပတ်သက်၍ အမျိုးမျိုး ထင်ကြေးပေးနေကြသည်။

ပါရှား၏ ပဋ္ဌမံတပ်သားများပေလား။ မဖြစ်နိုင်၊ ပါရှားပဋ္ဌမံတပ်သားများနှင့် ပတ်သက်၍ စနစ်ကျနသော ကာကွယ်မှုများ ပြုလုပ်ထားပြီးဖြစ်သည်။

သို့မဟုတ် ဖိလစ်အပေါ် စိတ်ခုနေသော တပ်မှူးများ၊ စစ်သူကြီးများ ဖြစ်ပေသလား။

အက်တာလို့စ်၊ ဩဇာအာဏာကြီးလာသည်ကို မကျေချမ်းသည့် အိုလံပီယာတို့၏ဘက်မှလား။

နောက်ဆုံးတွင် အာလက္ခဇန်းဒါး ကိုယ်တိုင်ကပင် ခမည်းတော်ကို လုပ်ကြံလေသလား။ စသည့် ယူဆချက်တို့သည် သံတမန်အသိုက်အဝန်းနှင့် နန်းသူနန်းသားများ၏ နှုတ်ဖျားဝယ် ကိုယ်ထင်မြင်ရာအလျောက် ပြောဆို ဝေဖန်နေကြသည်။

မည်သူက မည်သို့ပြောဆိုသည်ရှိစေ အာလက္ခဇန်းဒါး အနေနှင့်မူ ရာဇပလ္လင် သိမ်းပိုက်နိုင်ရေးသာ အဓိကကျလှသည်။ အာလက္ခဇန်းဒါးသည် ယင်းအမှုကို လုပ်ဆောင်ရာတွင် ဥပဒေပြင်ပမှ မလုပ်ဆောင်သော်လည်း ရက်စက်စွာ လုပ်ဆောင်မှုတော့ဖြစ်မည်။

သူ၏ ဖအေတူ မအေကွဲ ညီအစ်ကိုနှစ်ယောက်ကို ဖမ်းဆီးကာ အဆုံးစီရင်ခဲ့သည်။

ထို့မျှသာမကသေး၊ အမျိုးနိမ့်သော ဖိလစ်၏ မောင်းမတစ်ဦးမှ မွေးဖွားသော သားတစ်ဦးကိုလည်းကောင်း၊ ဖိလစ် နောင်တော်၏ သားကိုလည်းကောင်း အဆုံးစီရင်လိုက်လေသည်။

mgyoe.com

mgyoe.com

ဤသို့ ပြည်တွင်းတွင် မိမိ၏ နန်းရိပ်နန်းရာကို ကြံစည်ကောင်း ကြံစည်နိုင်မည့်သူများကို ဖယ်ရှင်း၍တော့ ပြီးချေပြီ။

သို့ရာတွင် နိုင်ငံခြားဆက်ဆံရေးတို့တွင် အာရုံစိုက်ရန် လိုအပ်လာခဲ့ပြန်သည်။

သဲရေ့စ်၊ အီလီရီးယားတို့သာမက ဘော်လကန် ကျွန်းဆွယ်ကြီး တစ်ခုလုံးကပါ မာဆေးဒိုးနီးယန်းဘုရင် အပြောင်းအလဲအပေါ် သဘောကျနေသကဲ့သို့ ရှိသည်။

တစ်ချိန်တည်းမှာပင် မိမိတို့ ထမ်းရွက်နေရသည့် မာဆေးဒိုးနီးယန်းကိုလိုနီထမ်းပိုးကို ဖြုတ်ချနေချင်ကြသည်။

အေသင်တို့ကမူ ကျဆုံးသူ လူသတ်သမား ပေါ်ဆန်းနီးယတ်စ်ကို ပင် သူရဲကောင်း ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှောက်နေကြလေသည်။ သေးဘဲစ်တို့ကလည်း သူတို့ထံတွင် ချအပ်ထားသော မာဆေးဒိုးနီးယန်း မြို့စောင့်တပ်ကို ရုပ်သိမ်းစေချင်သည်။ ချစ်ဟန်ဆောင်နေသော အေတိုလီးယန်းတို့ကလည်း ဖိလစ်ဘုရင် လက်ထက်က ပြည်ပသို့ မောင်းထုတ်ထားသော နိုင်ငံရေးသမားများကို ပြန်ခေါ်ကြသည်။ အာရှတွင်မူ တော်လှန်ရေးမီးပွားများ ဟိုတစ်စ သည်တစ်စ ပေါ်ပေါက်လေပြီ။

ဒေမို့စ်သန်သည် ထိုအချိန်တွင် ဖိလစ်၏သမီး ကလီယိုပက်ထရာနှင့် အီပဲရို့စ်ဘုရင် အာလက္ခဇန်းဒါးတို့၏ လက်ထပ်ပွဲမှ ရန်စကို ပြန်ဖော်လာသည်။ အဓိပ္ပာယ်မှာ အီပဲရို့စ်ဘုရင် အာလက္ခဇန်းဒါးနှင့် ကလီယိုပက်ထရာတို့မှ ဖွားမြင်သော သားဦးလေးကို မာဆေးဒိုးနီးယန်းထီးမွေနှင့် ဆိုင်သင့် မဆိုင်သင့်ဆိုသည်ကို အရေးအခွင့်လုပ်လာသော ကိစ္စပင် ဖြစ်သည်။

ဤတွင် အက်တာလို့စ်သည် သူ၏ ရောင်းရင်းဖြစ်သော မာဆေးဒိုးနီးယန်းဘုရင် အာလက္ခဇန်းဒါးထံသို့ (ဒီမို့စ်သန်မှ အက်တာလို့စ်ဆီ နှစ်ကိုယ်ကြား ရေးလိုက်သော လျှို့ဝှက်သဝဏ်ကို) လက်ဆင့်ကမ်းလိုက်သည်။ (အီပဲရို့စ်ဘုရင် အာလက္ခဇန်းဒါးနှင့် မာဆေးဒိုးနီးယန်းဘုရင် အာလက္ခဇန်းဒါးတို့မှာ နာမည်တူသော်လည်း တစ်ဦးစီဖြစ်သည်။ ယခု မဟာအာလက္ခဇန်းဒါးမှာ ဖိလစ်၏သား၊ မာဆေးဒိုးနီးယန်းဘုရင် အာလက္ခဇန်းဒါး၏

mgyoe.com

mgyoe.com

နှမ ကလီယိုပက်ထရာနှင့် လက်ဆက်သူ ဖြစ်သည်)

အာလက္ခဇန်းဒါးသည် အကြောင်းအရာတစ်ခုကို မေ့တတ်သူ မဟုတ်၍ သူ့အပေါ် ကျူးလွန်တတ်သည့် ပြစ်မှုတစ်ခုအတွက်လည်း ခွင့်လွှတ်တတ်သူမဟုတ်ချေ။ တစ်ယောက်ကိစ္စကို အကြောင်းပြု၍ ဂရိတစ်ပြည်လုံးကိုပင် တိုက်ခိုက်သိမ်းပိုက်ရန် စိတ်ဇောပြင်းပြလာခဲ့သည်။

နိုင်ငံရေးဆိုင်ရာ၊ စစ်ရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့က ယင်းကိစ္စကို စစ်ရေးဖြင့် မဖြေရှင်းဘဲ သံတမန်နည်းဖြင့် ဖြေရှင်းရန် အကြံပေးခဲ့ကြပါ၏။ သို့ရာတွင် အာလက္ခဇန်းဒါးသည် အပြောသမားမဟုတ်၊ အလုပ်သမား ဖြစ်သည်။ သံတမန်ရေးထက် စစ်ရေးကို ပို၍ အားထားသည်။

မကြာမီပင် ဂရိမြို့ပြနိုင်ငံတို့သည် အာလက္ခဇန်းဒါး၏ လှံတဝင်းဝင်း၊ ဓားတဝင်းဝင်းဖြစ်နေသော စစ်တပ်ကြီးအောက်သို့ ပြားဝပ် ခညောင်းလာရတော့သည်။ စစ်ပြင်သည်ဆိုရာ၌လည်း ရန်သူ့အပေါ် လက်ဦးမှု ရယူလေ့ ရှိသော အာလက္ခဇန်းဒါးသည် ရန်သူ့ပြင်ဆင်မှုမပြီးမီပင် သဲ့ဆားလီသို့ ရောက်နေတော့သည်။ သို့ရာတွင် ဂရိခေါင်းဆောင်ဖြစ်သော ဒီမို့စ်သန်သည် ခံစစ်ဖြင့် ဆုတ်ခွာ ခွာရင်း "ဒီသူငယ် လူမမည်၊ သူငယ်နှပ်စား" စသည်ဖြင့် အထင်သေးအမြင်သေး ရှုတ်ချခေါ်ဆိုနေဆဲ ဖြစ်သည်။

အာလက္ခဇန်းဒါးသည် မိမိတပ်ကို အဝေးမှ မောင်းတင်ခဲ့သည်။ တောင်ဘက်သို့ ဦးတည်ခဲ့ရာ သာမိုပီလေးနှင့် ဖိုးခစ်စ်တို့ကို ဖြတ်ကျော်ခဲ့ပြီး နောက်ဆုံးတွင် ဗိုင်အိုတီယာသို့ ရောက်ခဲ့သည်။ ဗိုင်အိုတီယာသို့အရောက်တွင် သတင်းကောင်းများ ကြားရစပြုလာသည်။ အာလက္ခဇန်းဒါး၏ စစ်ဆင်မှုအလျင်သည် ရန်သူ့အပေါ် အရေးထင်ခဲ့သည်။ ရန်သူတို့သည် တစ်စတစ်စ နယ်မြေများကို စွန့်လွှတ်စပြုနေပေပြီ။

သို့ရာတွင် ခေါင်းမာသော ဒီမို့စ်သန်သည် တပ်ရှိသော အင်အားကို စုစည်းပြီး တိုးမြှင့်ကြံစည်နေဆဲဖြစ်သည့်အပြင် အာလက္ခဇန်းဒါးအားလည်း...

"ဥမမည် စာမမြောက်"ဟု ဆိုနေဆဲပင် ရှိနေသေးသည်ဆိုသော သတင်းများပင် ဖြစ်လေသည်။ ထိုစကားကို ကြားရသောအခါ အာလက္ခဇန်းဒါးက သည်းနှယ် ပြန်ဖြေကြားခဲ့သည်။

"ငါ အေသင်တွေရဲ့ မြို့ရိုးအောက်မှာ ကြီးပြင်းလာပြီလို့ပဲ ပြော

mgyoe.com

m g

လိုက်ပါကွာ”ဟူသတည်း။

သို့ရာတွင် အာလက္ခဇန်းဒါးတို့ တပ်ကြီး အေသင်အနီးသို့ မရောက်သေးမီမှာပင် အေသင်ခေါင်းဆောင်တို့အနက်မှ ငြိမ်းချမ်းရေးဘက်တော်သားတို့က စစ်လိုလားသော ခေါင်းဆောင်တို့အပေါ် မဲအနိုင်ရရှိသော၊ သွေးထွက်သံယိုမှုကင်းသည့် ငြိမ်းချမ်းရေးစာချုပ်ကို အာလက္ခဇန်းဒါးနှင့် ချုပ်ဆိုနိုင်ခဲ့ပေသည်။

ဤနည်းဖြင့် ဂရိမြို့ပြနိုင်ငံအားလုံးကို စည်းရုံးကာ သမဂ္ဂဖွဲ့လျက် ညီညွတ်ရေး တပ်ဦးတစ်ခုကို ဖွဲ့စည်းနိုင်လိုက်လေသည်။ ထိုတပ်ဦးကို အာလက္ခဇန်းဒါးဦးဆောင်ကာ ပါရှားကို စစ်ပွဲဆင်နွှဲရန် ဖြစ်ပေသည်။

ဆောင်းရာသီတွင် အာလက္ခဇန်းဒါးသည် မာဆေးဒိုးနီးယားသို့ ပြန်ရောက်နေခဲ့လေသည်။ သဲရေ့စ်နှင့် အီလီရီးယားတို့တွင် ကျန်ရှိနေသည့် ရန်ကြွေးကို ပြန်ဆပ်ရန် ပြင်ဆင်နေသည့် တစ်ချိန်တည်းမှာပင် အက်တာလို့စ်ကိုလည်း သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်လေသည်။

အကယ်မူ အက်တာလို့စ်သည် ဒီမို့စ်သန်ထံမှ လျှို့ဝှက်လက်ခံရရှိသော စာသဝဏ်ကို အာလက္ခဇန်းဒါးထံ လက်ဆင့်ကမ်းခဲ့သော်လည်း အာလက္ခဇန်းဒါးသည် ကလီယိုပက်ထရာ၏ လက်ထပ်ပွဲတွင် အက်တာလို့စ်၏ အပြုအမူကို ယခုတိုင် မကျေချမ်းနိုင်သေးဘဲ ရှိနေလေသည်။ တစ်နည်းဆိုရသော် အက်တာလို့စ်အပေါ် အာလက္ခဇန်းဒါးသည် ယခုတိုင် ရန်သူအဖြစ် သတ်မှတ်ထားဆဲပင် ဖြစ်လေသည်။

သို့ရာတွင် အက်တာလို့စ်မှာ စစ်သူကြီး ဖြစ်နေသည်။ မာဆေးဒိုးနီးယန်းစစ်တပ်တွင် စစ်သူကြီးတစ်ဦးကို အလွယ်ဖြင့် ရာထူးချ၍မရ။ အထူးသဖြင့် မှုးမတ်နွယ် အမျိုးကောင်းသမီး စစ်ဝန်ထမ်းတို့ကို ဖမ်းဆီးချုပ်နှောင်ထားရန်ပင် မလွယ်ပေ။

ပုန်ကန်သည်လား။

ပုန်ကန်ရန် အကြံအစည် ပြုခဲ့သည်လား။

သတ္တိကြောင်၍ တပ်မှပြေးရန် ကြံစည်သည်လား စသည်ဖြင့် ကြီးလေးသောအပြစ်တို့ကို ကျူးလွန်မှသာလျှင် ဖမ်းဆီးချုပ်နှောင်ခွင့် ရှိလေသည်။ ထိုစည်းမျဉ်းတို့ကြောင့်ပင် အာလက္ခဇန်းဒါးသည် သူ့ပဋိမံတပ်သား

mgyoe.com

mgyoe.com
တစ်ဦးကိုလွှတ်ကာ အက်တာလို့စ်အား လုပ်ကြံခိုင်းလိုက်ရသည်။

ပြည်တွင်း ရန်မီးကိုတော့ ငြိမ်းသတ်နိုင်ခဲ့ပေပြီ။ ဘော်လကန် ဘက်သို့ လှည့်ရပေဦးမည်။ အာလက္ခဇန်းဒါးသည် ၃၃၅ ခုနှစ်တွင် မိမိတပ်များနှင့် သဲရေ့စ်သို့ ချီခဲ့သည်။

ထိုမှသည် အရှေ့အရပ်စူးစူးဖြစ်သည် အမ်ဖိပိုးလစ်စ်သို့ ချီခဲ့ပြီး ဖိလစ်ပီနှင့် နီယာပိုးလစ်စ်တို့သို့ဖြတ်လျက် နောက်ဆုံး၌ ရိုးဒစ်တောင်တန်းများကို ဖြတ်ကျော်ခဲ့သည်။

ဤမျှအထိ ခရီးတွင်ခြင်းမှာ ခမည်းတော်ဖိလစ်၏ စစ်ရေးအမြင်ကျယ်မှုကြောင့် သူသိမ်းပိုက်ခဲ့ရာ နယ်မြေတို့တွင် ခံတပ်များတည်ဆောက်ခဲ့ခြင်း၊ လမ်းများဖောက်လုပ်ခဲ့ခြင်း၊ ကိုလိုနီများ တည်ထောင်ခဲ့ခြင်းတို့ကြောင့် ဖြစ်လေသည်။

တစ်နည်းဆိုရသော် ယခုအခြေအနေ၌ အာလက္ခဇန်းဒါးသည် မိတ်ဆွေနယ်မြေအတွင်းသို့ ခြေချနိုင်ခဲ့ပြီဟူ၍ ဆိုရဖွယ် ရှိလေသည်။

သို့စေကာမူ ဂရိတို့သည် မာဆေးဒိုးနီးယန်း ခြေလျင်စစ်သည်တို့၏ စစ်စွမ်းရည်ကို အထိုက်အလျောက် မြည်းစမ်းပြီးဖြစ်လင့်ကစား ဩဇာတိက္ကမရှိသော ဂရိကုန်သည်တို့က မိမိတို့ ဩဇာအာဏာသုံးကာ မာဆေးဒိုးနီးယန်း စစ်တပ်ကြီးကို ရှစ်ဖကာ တောင်ကြားလမ်းမှ ဖြတ်ကျော်ခွင့်ပြုရန် ကန့်ကွက်နေကြလေသည်။

အာလက္ခဇန်းဒါး၏နှလုံးရည်၊ လက်ရုံးရည်တို့ကို ဤမှတ်ကျောက်က အဆုံးအဖြတ်ပေးမည့်နယ်သို့ ရှိနေသည်။

အာလက္ခဇန်းဒါးကလည်း မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝ ရှိနေသည်။ ဆုံးဖြတ်ပိုင်နိုင်မှု အပြည့်အဝရှိနေသည်။

ထိုအရည်အချင်းတို့ကို နောင်ရင်ဆိုင်ရမည့် စစ်ပွဲကြီးတို့တွင် ပြသနိုင်ခဲ့လေသည်။

ရှစ်ဖကာ တောင်ကြားလမ်းကို ဖြတ်ကျော်ရန် ကြံုကြိုက်သည့် သမယတွင် အာလက္ခဇန်းဒါးမှာ ၂၂ နှစ်မျှသာ ရှိပေသေးသည်။ သို့စေကာမူ အတွေ့အကြုံကတော့ အတန်လေးရင့်ကျက်နေပေပြီ။

အာလက္ခဇန်းဒါးသည် ရှစ်ဖကာတောင်ကြား၏ အနောက်ဘက်မှ
mgyoe.com

ခြေလျင်တပ်ကို ဦးဆောင်ပြီး ချီတက်ထိုးဖောက် ဝင်ရောက်ခဲ့သည်။ မိမိ၏ စစ်ကြောင်းဦးဝင်ရာ အရပ်၏ မျက်နှာချင်းဆိုင်မှလည်း မိမိ၏ လေးသည် တော်တို့ကို မြားမိုးရွာထားစေသည်။

ယင်းသည့် အစီပွာယ်မှာ ဘယ်တောင်ပံမှ ခြေလျင်စစ်သည်၊ ယာ တောင်ပံမှ လေးစစ်သည်တို့ကို ဝင်စေပြီး တပ်လယ်မှ လှံလျင်စစ်သည်တို့ကို အသုံးချကာ တောင်ကြားလမ်းကို ဖြတ်ကျော်စေခဲ့ခြင်း ဖြစ်သည်။

သရေစီယန်တို့ဘက်တွင်လည်း သူတို့၏ နည်းဗျူဟာနှင့်သူတို့ ရှိနေလေသည်။ ရန်သူ တောင်ကြားမှဖြတ်လျှင် အဟန့်အတားပြုနိုင်ရန် အတွက် မြင်းလှည်းအလွတ်များကို စုဆောင်းထားရှိကာ တောင်ကြားသို့ ရန်သူ့တပ်ဦး စစ်ကြောင်းကျလာသည်နှင့် တစ်ပြိုင်နက်၊ တောင်ထိပ်မှ မြင်း လှည်းလွတ်များကို တွန်းချဟန့်တားရန်နှင့် တစ်ချိန်တည်းမှာပင် တောင် ကြားကို ပိတ်ဆို့ထားကြမည့် ခြေလျင်စစ်သည်တို့ကလည်း ဖြက်ကျယ်သော သူတို့ဓားကြီးများဖြင့် ရန်သူတို့ကို အပိုင်းပိုင်း ခုတ်ထစ်ရန် အကြံအစည်များ ထားရှိခဲ့လေသည်။

သို့သော် သရေစီယန်တို့၏ နည်းဗျူဟာကို အာလက္ခဇန်းဒါးက ကြိုတင်သတင်းရရှိထားပြီး ဖြစ်လေသည်။ ထိုထောက်လှမ်းရရှိထားချက်အရ ရန်သူ့နည်းဗျူဟာကို တွန်းလှန်ခုခံရန် နည်းလမ်းများကို ရှာဖွေခဲ့လေသည်။

ဤနည်းဖြင့် နောက်ဆုံးတွင် အာလက္ခဇန်းဒါးသည် ယခုရင်ဆိုင် ရမည့် တိုက်ပွဲနှင့်ပတ်သက်၍ စစ်ဆင်ရေး ပုံစံတစ်ရပ်ကို ထုတ်ပြန်လိုက် လေသည်။ ယင်းမှာ အခြားမဟုတ်၊ မိမိတပ်များ တောင်ကြားဖြတ်စဉ် ရန်သူက လှည်းလွတ်များကို ပစ်ချမည်။ ဤသို့ လှည်းလွတ်များကို လျှော်လင့် ထားကာ လှည်းလွတ်များ ကျလာလေတိုင်း ကျလာရာ လမ်းကြောင်းရှိ မိမိတပ်သားများကို "ချဲ"ပေးရန်။ တစ်ချိန်တည်းတွင် မိမိတို့ဒိုင်းများကို ခေါင်း များထက်တွင် အမိုးသဖွယ် ကာကွယ်ထားရန် စသည်တို့ဖြစ်လေသည်။

အာလက္ခဇန်းဒါး၏ နည်းဗျူဟာကြောင့် မာဆေးဒိုးနီးယန်း စစ် သည်တို့ဘက်မှ တစ်စုံတစ်ယောက်မျှ အကျအဆုံးမရှိဘဲ တောင်ကြားလမ်း ကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့လေသည်။

သရေစီယန်တို့လည်း တပ်ပျက်ကာ အကွပ်အကဲမရှိ၊ ဆုတ်ခွာ

mgyoe.com

mgyoe.com

ထွက်ပြေးလေတော့သတည်း။

ထိုမှတစ်ဖန် အာလက္ခဇန်းဒါးသည် မိမိတပ်ကြီးကို ဒင်းညု မြစ်ဘက်သို့ ဦးတည်ချီတက်ခဲ့သည်။

ဖိလစ်ဘုရင် စစ်ချီစဉ်က အပြင်းအထန် ခုခံခဲ့သော "ထရစ်ဗိုလ္လိုင်" ကို အောင်မြင်ခဲ့သည်။

အာလက္ခဇန်းဒါး၏ ကြည်းတပ်သည် သူကြိုတင် အချိန်းအချက် ပြုထားသည့် ရေတပ်နှင့် ဆုံခဲ့သည်။

ယင်းအချက်သည်ပင် အာလက္ခဇန်းဒါးသည် ပထဝီဝင်ဘာသာရပ်တွင် ကျွမ်းကျင်၍သာ မိမိလိုအပ်သည့် မြေပုံညွှန်းအတိုင်း ရေတပ်နှင့် ဆုံတွေ့နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ ထိုမျှသာမကသေး အာလက္ခဇန်းဒါးသည် ကြီးမားသည့် "ဒင်းညု"မြစ်ကြီးကို ဖြတ်ကျော်ကာ...

ခြေလျင်စစ်သည်တော် ၄၀၀၀။

မြင်းသည်တော် စစ်သည် ၁၅၀၀ တို့ကို ရန်သူမသိစေဘဲ လျှို့ဝှက်ပို့ဆောင်နိုင်ခဲ့လေသည်။

အာလက္ခဇန်းဒါး မြစ်ကို ဖြတ်ကျော်လာနိုင်ကောင်းသည့် အကြောင်းကို စည်းဝေးတိုင်ပင်ဆဲ ရှိနေသည်။ ရန်သူတို့ကို အာလက္ခဇန်းဒါးသည် အရဏ်မတက်မီမှာပင် အငိုက်ဖမ်းနိုင် လိုက်လေသည်။

ယင်းစစ်ပွဲ၌ အာလက္ခဇန်းဒါး၏ "ကျပန်း" နည်းဗျူဟာနှင့် ပတ်သက်၍ သင်ခန်းစာယူဖွယ်တစ်ရပ်မှာ 'ဒင်းညု'မြစ်ကို ဖြတ်ကူးရာ၌ သားရေရွက်ထည်တဲများတွင် ပြောင်းဖူးရိုးများကို ထည့်သွတ်ကာ စစ်လက်နက်ပစ္စည်း လူသူတို့ကို တင်ဆောင်၍ ဖြတ်ကူးနိုင်သည့် အကြံအစည်များပင် ဖြစ်ပါ၏။

ဤနေရာ၌ ပြောဖွယ်တစ်ရပ် ရှိနေပေသည်။ အာလက္ခဇန်းဒါးသည် စစ်ရေးနှင့်ပတ်သက်၍ ရည်မှန်းချက် အကန့်အသတ်ဟူသည်မရှိ။ ဒင်းညုမြစ်ကို ဖြတ်နိုင်ရုံဖြင့်ပင် သူ့စစ်ရေးရည်မှန်းချက် အောင်မြင်ပြီဟူ၍ မဆိုနိုင်သေး။

လှမ်းနိုင်သမျှ ဆက်လှမ်းမည်၊ လှမ်းနေသေးသမျှ အောင်မြင်မည်။ သည်မှတစ်ဖန် ဟိုမှာဘက်တွင် ဘာတွေရှိနေဦးမှန်း သိချင်နေသေးသည်။

mgyoe.com

mgyoe.com

သူ့စစ်ကြောင်းတွင် စည်းဆောင်ဟူသည်မရှိ။ ယင်းသည့် စစ်စရိုက် လက္ခဏာမှာ အာလက္ခဇန်းဒါး နောင်တွင် အရှည်ကျင့်သုံးမည့် အရိပ်လက္ခဏာများပင်တည်း။

ဒင်းညုမြစ်ဝှမ်းတွင် အာလက္ခဇန်းဒါးသည် ထစ်ဖိုလ္လိုင်တို့နှင့် ငြိမ်းချမ်းရေးရယူကာ အထက်မြစ်ညာရှိ 'ဂေါလ်' လူမျိုးတို့ထံမှ သံတမန်များကိုအကြည်အသာ လက်ခံခဲ့လေသည်။

'ဂေါလ်'လူမျိုးဆိုသည်တို့မှာ အသားနီညိုလျှက် လူကြမ်းလူထွားကြီးများ ဖြစ်ကြသည်။ ရွှေရောင်ဆံပင်လည်း ရှိကြသည်။

မကြာမီကမှ အလယ်ဥရောပမှ ဝင်ရောက်လာကြသူများလည်းဖြစ်ကြသည်။ ထိုလူကြမ်းများနှင့် မဟာမိတ်ပြုခြင်းမှာ အာလက္ခဇန်းဒါးသည်အီလီရီးယန်းတို့နှင့် ဆက်ဆံရာတွင် နိုင်ငံရေးဝှက်ဖဲတစ်ချပ်အဖြစ် အသုံးပြုနိုင်ရန်ပင် ဖြစ်လေသည်။

ထို 'ဂေါလ်'လူမျိုးတို့ကို အာလက္ခဇန်းဒါးက ယင်းတို့ မည်သည့်အရာကို အကြောက်ဆုံးနည်းဟု မေးမြန်းရာ ၎င်းတို့က 'မိုးကြိုး'ကိုအကြောက်ဆုံးဖြစ်သည်ဟု ပြန်ဖြေကြသည်။

အာလက္ခဇန်းဒါးသည် သူ့နားကိုပင် သူ မယုံကြည်။ သူမျှော်လင့်ထားသည့် အဖြေမှာ သံတမန်နည်းအရ ပြန်ဖြေမည့်အဖြေပင် ဖြစ်လေသည်။ ထိုဂေါလ်လူမျိုးတို့နှင့် မဟာမိတ်ချုပ်ဆိုရာတွင်လည်း 'မိုးပြိုသည့်တိုင်၊ ရေလျှံသည့်တိုင်၊ မြေပြိုသည့်တိုင် အရှည်တည်ပါမည်' စသည်ဖြင့် ကျိန်ဆိုခဲ့ရလေသည်။

ထိုကျိန်ဆိုချက်များကို အာလက္ခဇန်းဒါးသည် ရယ်ကောင်းရယ်ခဲ့ဖွယ် ရှိပေမည်။ အာလက္ခဇန်းဒါး၏ စစ်ကြောင်းသည် ဒင်းညုမြစ်၏တစ်ဖက်ကမ်းတွင်ပင် ရပ်တန့်သွားခဲ့ပုံရလေသည်။

ယင်းသို့ ရပ်တန့်သွားခဲ့သည်မှာ အကြောင်းတစ်ရပ်တော့ ရှိသေးသည်။ ဤသည်မှာ အီလီရီးယန်းဘုရင်သည် တောင်ပေါ်သားများကို စုစည်း၍ စစ်ခံမည့် အစီအစဉ်များကို တွေ့နေရသောကြောင့် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် အာလက္ခဇန်းဒါးသည် ဤအဟန့်အတားမျိုးကိုလည်း ကြိုတင်မျှော်လင့်ထားပုံရသည်။

mgyoe.com

mgyoe.com

အကြောင်းသော် သူ့စစ်ကြောင်းကို ပိတ်ဆို့ရန် ကြံစည်နေသော 'ကလဲတိုးစ်'ဆိုသူမှာ ဖိလစ်ဘုရင်၏ ရန်သူဟောင်း၊ အီလီရီးယန်းဘုရင် ဘာဒီလစ်စ်၏သားတော် ဖြစ်သောကြောင့်တည်း။

ဤနေရာ၌ အချိန်သည် အရေးပါလာသည်။ ယခုအချိန် ကလဲတိုးစ်သည် ပဲလားမြို့၏ အနောက်ဘက် မိုင် ၈၀ မျှသာဝေးသည့်နေရာသို့ ရောက်နေသေးပြီး အာလက္ခဇန်းဒါးကမူ ယင်းအမှတ်၏ အရှေ့မြောက်ဘက် မိုင် ၂၀၀ ခန့်သို့ ဝင်နေပေပြီ။

ထို့ပြင် 'အော်တာရေယာတေ'တို့ကလည်း အာလက္ခဇန်းဒါး၏ စစ်ကြောင်းကို ခါးလယ်မှဖြတ်တိုက်ရန် အပြင်းချီလာကြပြီ ဖြစ်သည်။

ထိုစဉ်ခိုက်၌ ဖိလစ်၏ မဟာမိတ်တစ်ဦးဖြစ်သော 'အာဂရီးယန်း' ဘုရင် 'လန်ဂရို့စ်'က အာလက္ခဇန်းဒါးဘက်မှ ဝင်ရောက်စစ်ကူပေးလာသည်။ ၎င်းက အော်တာရေယာတေတို့ကို တာဝန်ယူမည်ဟု ဆိုသည်။

ဤတွင် ဖိလစ်၏လေ့ကျင့်ပေးမှုကြောင့် သံချပ်ဝတ်စုံပြည့်၊ ရိက္ခာပြည့်ကို သယ်ဆောင်သည့်တိုင် တစ်နေ့ ၃၃ မိုင် လျှောက်နိုင်သည့် အာလက္ခဇန်းဒါး၏တပ်သည် ဒင်းညာမြစ်၏ အနောက်တောင်အရပ်မှ အလျင်အမြန်ချီခဲ့ပြီး ကလဲတိုးစ်၏တပ်များ ရှေ့ရှိတောင်ကုန်းများကို သိမ်းပိုက်နိုင်လိုက်သည်။ ကလဲတိုးစ်သည် ထိုတောင်ကုန်းများကို အတော်ပင် အားထားခဲ့သည်။ အာလက္ခဇန်းဒါး၏တပ်၊ ထိုတောင်ကြားမှအဖြတ်တွင် တောင်ကုန်းများပေါ်မှ အပေါ်စီးယူတိုက်ရန် ရည်ရွယ်ခဲ့သည်။

ယင်းအခိုက်မှာပင် တော်လန်တွိုင်ဘုရင် 'ခလောင်းကီးယပ်စ်' သည် ခြေလျင်တပ်၊ မြင်းတပ်တို့နှင့်အတူ ရုတ်တရက်ပင် ရောက်လာကာ အနီး အနားရှိတောင်များကို အပေါ်စီးယူလိုက်သည်။

ထိုအချိန်တွင် အာလက္ခဇန်းဒါး၏ ဝန်တင်တိရစ္ဆာန်တို့မှာ မြစ်ညာရှိ စားကျက်တွင် လွှတ်ထားခိုက်ဖြစ်ရာ အာလက္ခဇန်းဒါးသည် သူ၏ အပေါ်စား ခြေလျင်တပ်ဖြင့် သူ့တိရစ္ဆာန်များကို အမြန်ပြန်သိမ်းရသည်။

သို့တိုင် ရန်သူသည် အာလက္ခဇန်းဒါး၏ တပ်ရှေ့တွင် မြစ်ခံနေခြင်းကြောင့်လည်းကောင်း၊ တောင်ပံတစ်ဖက်တွင် ရန်သူ့ခံတပ် တစ်ခုရှိနေခြင်းကြောင့်လည်းကောင်း၊ တောင်ပေါ်များတွင်လည်း ရန်သူ့တပ်များ ရှိနေ

mgyoe.com

mgyoe.com


ခြင်းကြောင့်လည်းကောင်း ဆုတ်လမ်း တက်လမ်းမသာ ဖြစ်နေသည်။

ရန်သူကလည်း မာဆေးဒိုးနီးယန်းဘုရင်ကို ချောင်ပိတ်မိပြီဟု ယုံကြည်ထားသည်။ ထိုအကျပ်အတည်းမှ လွတ်မြောက်ရန် အာလက္ခဇန်းဒါးသည် သူကိုယ်တိုင် တီထွင်သော နည်းဗျူဟာသစ်တစ်ရပ်ကို အသုံးချလိုက်လေသည်။

ဤသည်မှာ အခြားမဟုတ်၊ သူ၏ လုံကိုင်တပ်ကို တန်အလျား ၁၂၀ မှုစီစေပြီး မြင်းတပ်ကို တောင်ပံတစ်ဖက်တစ်ချက်ဆီမှ နေရာယူစေကာ အလွန်တိကျလှသော စစ်ရေးပြမှုဖြင့် စစ်ရေးပြလိုက်ခြင်းပင် ဖြစ်သည်။

တောင်ပံနှစ်ဖက်မှ မြင်းတပ်ခြံရံထားသော လုံကိုင်တပ်သည် ရှေ့သို့ ချီသည်၊ ပြန်ဆုတ်သည်၊ ဘယ်ကွေ့သည်၊ ညာကွေ့သည်။ အမြန်မှသည် အနှေးချီတက်သည်၊ အနှေးမှသည် အမြန်ချီတက်သည်။

ဤသို့ ညီညာလှပစွာ စစ်ရေးပြနေရာ ရန်သူတပ်သားတို့မှာ ဤမြင်ကွင်းမျိုးကို တစ်ခါမှ မမြင်ဘူးသဖြင့် အံ့အားသင့်ကုန်ကြသည်။

အာလက္ခဇန်းဒါးသည် သူ့တပ်များအပေါ် ရန်သူက အထင်ကြီးသွားလောက်ပြီဟု ယူဆသည်နှင့်တစ်ပြိုင်နက် တောင်ခြေ၊ တောင်ကမ်းပါးတို့ရှိ ရန်သူများရှိရာသို့ အဟုန်ဖြင့် ချီတက်စေလိုက်သည်။

လုံကိုင်စစ်သည် ၁၂၀၀၀ သည် နှုတ်မှ တစ်စုံတစ်ရာ ဟစ်အော်ခြင်းမရှိ၊ ကြောက်ဖွယ်လိလိ တိတ်ဆိတ်ခြင်းမျိုးဖြင့် အမြန်လျှောက်နည်းကို အသုံးပြု၍ အသုံးပြု၍ ချီတက်လာသည်ကို တွေ့လိုက်ရသောအခါ ရန်သူတပ်သားတို့အနက် စိတ်မခိုင်သူတို့မှာ ပထမဆုံး စပြေးပါလေတော့သည်။

စစ်စည်းကမ်းနှင့် စိတ်ဓာတ်အရ ရန်သူ့အပေါ် အထက်စီးရနေပြီကို သိလိုက်ရသည်နှင့် အာလက္ခဇန်းဒါးသည် သူ့တပ်ကို စစ်ကြွေးကြော်သံ တစ်ပြိုင်နက် ကြွေးကြော်စေပြီး အတင်းဝင်ရောက် ထိုးဖောက်စေခဲ့လေသည်။ "လာ...လာ...လာ...လိုင်း"ဆိုသော မာဆေးဒိုးနီးယန်းတပ်၏ စစ်ကြွေးကြော်သံကြီးသည်လည်းကောင်း၊ လှံများနှင့် ဒိုင်းများထိကြသည့် တချွင်ချွင် တချွမ်ချွမ် အသံတို့သည်လည်းကောင်း တောလုံးအနှံ့မှ ပဲ့တင်ထပ်သွားလေတော့ သည်။

ထိုအခိုက်မှာပင် အာလက္ခဇန်းဒါးသည် ရန်သူ့ခံတပ်ကို အပေါ်စီးမှ

mgyoe.com

mgyoe.com


မြင်ရသည့် တောင်ကုန်းတစ်ခုကို မြင်းဖြင့် တက်ခဲ့ပြီး သူ၏ အပေါ်စား ခြေလျင်တပ်နောက်မှ လုံကိုင်တပ် လိုက်ပါစေကာ မြစ်ကိုဖြတ်လျက် ရန်သူ့ စစ်ဝန်းကို ချိုးဖောက်ရန် အမိန့်ပေးလိုက်လေသည်။

တစ်ချိန်တည်းမှာပင် သူ၏ လူအင်အား ၂၀၀၀ ပါဝင်သည့် လေးသည်တော်များနှင့် တောင်ပေါ်သား ၁၀၀၀ ပါဝင်သော တပ်တို့အားလည်း ရှေ့မှတပ်များကို အကူအညီပေးစေလိုက်သည်။

တပ်ဦးသည် မြစ်တစ်ဖက်ကမ်းသို့ ဖြတ်ကူးသွားနိုင်ပြီ ဖြစ်သော်လည်း နောက်ရံတပ်များမှာ ကျွတ်ကျွတ်လွတ်လွတ် မထွက်နိုင်သေး၊ အငြိအစွန်းရှိနေသည်။

အကြောင်းမှာ မာဆေးဒိုးနီးယန်းတပ်တို့ တစ်ဖက်ကမ်းသို့ ဖြတ်ကူးဆုတ်ခွာသွားသည်ကို တွေ့လိုက်ရသည်နှင့် ရန်သူတပ်တို့သည် မာဆေးဒိုးနီးယန်း နောက်ရံတပ်ကို ဝိုင်းဝန်းပိတ်ဆို့ရန် ကြိုးစားလာပြန်သည်။

ဤတွင် နောက်ရံတပ်သည် မြစ်ကို ဖြတ်ကူးမည့်အစား နောက်သို့ ပြန်လှည့်၍ ရန်သူကို တိုက်ခိုက်လိုက်သည်၏ တစ်ချိန်တည်းမှာပင် တစ်ဖက်ကမ်းရောက် လုံကိုင်တပ်က သည်ဘက်ကမ်းသို့ ပြန်ကူးတော့မည့်အသွင် တပ်ရိပ်ပြ၍ သံပြိုင်စစ်ကြွေးကြော်သံများကို အော်ဟစ်လိုက်ကြလေရာ ရန်သူတို့လည်း လန့်ဖျပ်ပြီး တောင်ပေါ်ပြန်တက်သွားလေတော့သည်။

ဤနည်းဖြင့် နောက်ရံတပ်သည် မြစ်တစ်ဖက်ကမ်းသို့ ချောမောစွာ ကူးနိုင်ခဲ့သည်။ ဤသို့ ကူးနေချိန်၌လည်း လေးသည်တော်တို့က အကာအကွယ်ပေးနေပေပြီ။

နောက်ရံတပ် တစ်ဖက်ကမ်းသို့ ချောမောစွာ ကူးပြီးမှ လေးသည်တော်တို့ ဖြတ်ကူးခဲ့ကြသည်။

နောက်ဆုံးမှ ကူးသူများနှင့်အတူ အာလက္ခဇန်းဒါးလည်း လိုက်ကူးခဲ့သည်။ မြစ်လယ်တစ်နေရာတွင် လောက်လွှဲထိမှန်သဖြင့် အာလက္ခဇန်းဒါးသည် ခေါင်းတွင် အနည်းငယ် ဒဏ်ရာရခဲ့သည်။ မည်သို့ရှိစေ တစ်ဖက်ကမ်းသို့အရောက်တွင် အာလက္ခဇန်းဒါးသည် ရှေ့မှ ဆီးကြိုပိတ်ဆို့နေသော ရန်သူတပ်တို့ကို အဝေးပစ်လက်နက်ကြီးများနှင့် ပစ်ခွင်းကာ ချိုးဖောက်ဝင်ရောက်ခဲ့သည်။

mgyoe.com

ထိုယန္တရားကြီးတို့၏ ထိရောက်နိုင်သော အကွာအဝေးမှာ ကိုက်ရာပေါင်းများစွာရှိသဖြင့် ရန်သူ့တပ်အဖို့ ဒုတိယအကြိမ် အံ့ချီးဖွယ် ဖြစ်ရပြန်လေသည်။

ဤနည်းဖြင့် အီလီရီးယန်းတို့သည် အစည်းပြေခဲ့ပြီး အာလက္ခဇန်းဒါး၏တပ်သည် ရန်သူလက်လှမ်းမမီနိုင်သည့် နေရာအထိ လွတ်ကျွတ်လာခဲ့သည်။

ရန်သူလေးဘက်လေးတန် ဝိုင်းဝန်းပိတ်ဆို့ထားသည့်ကြားမှ အာလက္ခဇန်းဒါးသည် ချိုးဖောက်ထွက်ခဲ့ရာ၌ မိမိဘက်မှ စစ်သည်တစ်ဦးတစ်ယောက်မှ မကျဆုံးခဲ့ပါချေ။

အာလက္ခဇန်းဒါးသည် နှစ်ရက်ခရီးကို ဆက်ချီခဲ့ပြန်သည်။ နှစ်ရက်ခရီးမြောက်တွင် နောက်ချန်ကင်းတို့က မိမိတို့တပ်များ ချိုးဖောက်ထွက်ခဲ့သော ရန်သူသည် အန္တရာယ်ကင်းပြီဆိုသော အထင်ဖြင့် လျော့ရဲစွာ တပ်ချရပ်နားနေသည်ဆိုသော သတင်းကို သယ်ဆောင်လာခဲ့လေသည်။

ယင်း၌ အာလက္ခဇန်းဒါးသည် သူ၏ လက်စွဲတော် အပေါ့စား ခြေလျင်တပ်ကို ဦးဆောင်ကာ ၎င်းတပ်နောက်မှ သံကိုယ်ချပ်ဝတ်၊ ခြေလျင်စစ်သည်တို့ကို လိုက်ပါစေပြီး စောစောက ခဲရာခဲဆစ် ကူးခဲ့သည့်မြစ်ကို ပြန်ကူးခဲ့ပြန်သည်။

တစ်ချိန်တည်းမှာပင် မိမိကင်းထောက်များ ပို့သောသတင်း မှန်မမှန် အတည်ပြုနိုင်ရန် ကိုယ်ပိုင်ကင်းထောက်မှုများ ပြုခဲ့လေသည်။

ကိုယ်ပိုင် ကင်းထောက်မှုအရ အတည်ပြုလိုက်နိုင်သောအခါ အာလက္ခဇန်းဒါးသည် သူ့နောက်က လိုက်လာမည့် သံချပ်ဝတ်ခြေလျင်တပ်ကြီးကို စောင့်ဆိုင်းခြင်း မပြုတော့ချေ။

သူဦးဆောင်ခဲ့သော အပေါ့စား ခြေလျင်တပ်ကို ရန်သူ့စစ်ဝန်း စောစောကဖြတ်ကျော်ခဲ့သော နေရာမှ ပြန်ဖြတ်ကျော်ခြင်း မပြုတော့ဘဲ မြစ်ညာတစ်နေရာမှ ဖြတ်လိုက်သည်။

ဤသို့သော လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်မှုကြောင့် ရန်သူကို အငိုက်မိလိုက်ကာ အိပ်ချင်မူးတူးဖြစ်နေသော ရန်သူကို ဓားချက်သွက်သွက်ဖြင့် အလုံးအရင်း သုတ်သင်ပစ်လိုက်နိုင်လေသည်။

mgyoe.com

mgyoe.com

ရန်သူတို့သည် စားတစ်ချက်ဝင့်၊ လှံတစ်ချက်စွင့်ရုံမျှပင် အချိန်မရ လိုက်ပါချေ။ သို့ရာတွင် လွတ်မြောက်သွားသူများတော့ ရှိပါ၏။ လက်နက်မဲ့ လွတ်မြောက်သွားခြင်းမျိုးပါတည်း။

ကလဲတိုးစ်သည် သူ့မြို့ရိုးအတွင်းသို့ ပြန်ဆုတ်ခဲ့ပြီး ခလောင်းတီး ယပ်စ်နှင့်အတူ ထွက်ပြေးသွားလေတော့သည်။

အကယ်မူ ရက်အားဖြင့် တွက်လျှင် ပီလီယံသို့ အာလက္ခဇန်းဒါး မရောက်မီ ရက်သတ္တတစ်ပတ်မျှ မကြာမီအတွင်း ဖြစ်ပေါ်ခဲ့သော စစ်ရေး ချိန်ခွင်လျှာ အဆုံးအဖြတ်ပင် ဖြစ်ပါ၏။

တစ်ကြိမ်၌လည်း အန္တရာယ်ကြီးလှသော အခြေအနေတစ်ရပ်ကို အလျင်အမြန် ချီတက်နိုင်သော စစ်စွမ်းရည်နှင့် စည်းကမ်းကြောင့်ပင်လျှင် အာလက္ခဇန်းဒါးအား အရှုံးမှအနိုင်သို့ ချိန်ခွင်လျှာ ပြောင်းလဲနိုင်ခဲ့လေသည်။

ပုံဆောင်ရသော် အာလက္ခဇန်းဒါး ပီလီယံ၌ရှိနေစဉ် သေးဘဲစ် လမ်းပေါ်၌ မာဆေးဒိုးနီးယား အရာရှိနှစ်ဦးတို့ အသတ်ခံရသည်ဆိုသော သတင်း အာလက္ခဇန်းဒါးထံသို့ ရောက်လာခဲ့လေသည်။

သည်မျှသာမက သေးဘဲစ် မြို့သူမြို့သားတို့သည် ထောင်ထကြ ကာ မြို့စောင့်တပ်ကိုပင်လျှင် စီးနင်းနေကြပြီဆိုသည့် သတင်းမျိုးပါ ရောက် လာခဲ့သည်။

အာလက္ခဇန်းဒါးနှင့် ယင်း၏ တပ်မတော်သည် အဝေးသို့ ရောက် နှင့်လေပြီ။ အာလက္ခဇန်းဒါး သေကောင်းလည်း သေနေလိမ့်မည်။ အီလီရီ ယန်းတို့သတ်၍ ကံကုန်လေပြီ စသည့်မမှန်သတင်းတို့ကို အခါမလပ် နား မဆံ့အောင် ကြားနေရသောကြောင့် ဖြစ်သည်။

အာလက္ခဇန်းဒါး၏ ရန်သူတော်ကြီးတို့ကမူ ဒဏ်ရာရနေသော စစ်သားတစ်ယောက်ကို သက်သေထားကာ အာလက္ခဇန်းဒါး ကျဆုံးသည် ကို ကိုယ်တိုင်မြင်ရသူတစ်ဦးအဖြစ် လူသိရှင်ကြား ပြသကြလေသည်။

ယင်းသည်၏ တစ်ဆက်တည်းမှာပင် နိုင်ငံရေးဖြစ်စဉ်တို့မှာ ဆက် တိုက်ဖြစ်ပွားခဲ့သည်။

ပါရှားတို့၏ ရွှေသည် ချောင်းနှယ် မြောင်းနှယ် ဂရိတ်ပြည် တစ်ဝန်း သို့ စီးဆင်းဝင်ရောက်လာသည်။

mgyoe.com

mgyoe.com


သို့တစေ အေသင်တို့သည် တရားဝင်လှုပ်ရှား ချောက်ချားခြင်း မရှိသေး။ အေသင်ရှိ စစ်လိုလားသူတို့ကမူ သေးဘဲစ်ရှိ ထောင်ထားသူ သူပုန်သူကန်တို့ကို ငွေကြေးလက်နက်ဖြင့် ထောက်ပံ့နေကြလေသည်။

စပါတာသည် ကိုရင့်သ်စာချုပ်ကို လက်မှတ်ထိုးရန် ငြင်းဆိုနေဆဲ ဖြစ်သည်။

အာဘောဒီးယားမှာ ခြစည်းရိုးပေါ်တွင် ခွထိုင်နေသည်။ သည်အခါ ဂရိမြို့ပြနိုင်ငံအားလုံး တစ်စုတစ်ရုံးတည်း တပ်ဦးသမဂ္ဂ ဖွဲ့စည်းနိုင်ရေးမှာ မရေမရာသောအခြေတွင် ရှိလေသည်။

ဤသို့ မရေမရာသည်နှင့်အမျှ အာရှသို့ စစ်ချီရေးမှာလည်း စိတ်ကူးယဉ် အိပ်မက်သဖွယ် ဖြစ်နေလေသည်။

ဤသို့ ဂရိတို့ မညီမညွတ်ဖြစ်နေစဉ်မှာပင် အောင်ပွဲရနေသော အာလက္ခဇန်းဒါး၏ မားဆေးဒိုးနီးယန်းတပ်ကြီးသည် တောင်ဘက်သို့ ရှေးရှု ချီတက်ရာမှ အနောက်မြောက်နှင့် အရှေ့တောင်ဘက်သို့ ရောက်ရှိလာခဲ့လေ သည်။

ယင်းသို့ ချီရာ၌လည်း သံချပ်ကာဝတ်စုံပြည့် ရိက္ခာပြည့် တစ်နေ့၁၆ မိုင်နှုန်းဖြင့် တောင်တက်ခရီးကို ချီတက်လာခြင်းဖြစ်သည်။ မြေပြင်သို့ရောက် သောအခါ တစ်နေ့ မိုင် ၂၀ နှုန်းဖြင့် ချီတက်ခဲ့ပြန်သည်။

သည်အချိန်တွင် သေးဘဲစ်၌ မာဆေးဒိုးနီးယန်းတပ်သည် သာမိုပိ လေးသို့ ဖြတ်ကျော်ခဲ့ပြီဆိုသော သတင်းသည် ပျံ့နှံ့နေခဲ့လေသည်။

အမှန်မူ အာလက္ခဇန်းဒါးသည် တစ်နေ့ချီ ခရီးအကွာအဝေးရှိသည့် အော်ခက်စတိုးသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်ပေသည်။

သေးဘဲစ်ခေါင်းဆောင်တို့သည် အာလက္ခဇန်းဒါး အသက်ရှင်ဆဲ ရှိနေသေးသည်ဟု ကြားရသည့်သတင်းကို သူတို့နား သူတို့မယုံနိုင်အောင် ရှိနေလေသည်။

သို့ရာတွင် ယင်းတို့သည် မိမိတို့၏စိတ်ကို ဖြေကာ ယခုကြားရ သောသတင်းသည် အင်တီပက်ထရိစ်ခေါင်းဆောင်သော တပ်သာဖြစ်ရမည် ဟု ယုံကြည်နေကြလေသည်။

ထိုသတင်းဖြစ်ပွားပြီးနောက် ၁၃ ရက်သို့ မြောက်ခဲ့သည်။ ယင်း၏

mgyoe.com

mgyoe.com

အဓိပ္ပာယ်မှာ အာလက္ခဇန်းဒါးတပ်သည် ပီလီယံမှထွက်ခဲ့ပြီး သေးဘဲစ်မြို့ရိုးရှေ့အရောက် တပ်ချတပ်နားသည့်နေ့ အရေအတွက်ဟုပင် ဆိုခြင်းဖြစ်လေသည်။

သည်အခါမှပင် သေးဘဲစ်တို့သည် မိမိတို့ မြို့ရိုးရှေ့တွင် တပ်ချနေသော တပ်ကြီးများမှာ ဖိလစ်၏သား အာလက္ခဇန်းဒါး၏ တပ်ကြီးဖြစ်ကြောင်း လက်ခံကြတော့သည်။

စစ်ရည် ပြည့်ဝနေသော အာလက္ခဇန်းဒါး၏ တပ်ကြီးသည် ၁၃ ရက်အတွင်း မိုင် ၂၄၀ ခန့်မျှ ချီတက်ခဲ့ပြီး စစ်ပွဲဝင်ရန်လည်း အသင့် လတ်ဆတ်နေခဲ့သည်။

အာလက္ခဇန်းဒါး၏ ဆန္ဒမှာ ဂရိတ်ပြည်အားလုံးကို စည်းရုံးသိမ်းသွင်းချင်နေသည်။

ထို့ကြောင့်ပင် တစ်စုံတစ်ရာတိုက်ခိုက်ခြင်း မပြုသေးဘဲ တစ်ညတာမျှ ရပ်နားစောင့်ဆိုင်းနေလိုက်သည်။ ရည်ရွယ်ချက်မှာ ဤသို့ မတိုက်ခိုက်ဘဲ ရပ်နားခြင်းဖြင့် သေးဘဲစ်တို့သည် အမြင်မှန် ရလာမည်ဟု မျှော်လင့်ထားခြင်းကြောင့် ဖြစ်သည်။

ပါရှားကိုတိုက်ခိုက်ရာတွင် သေးဘဲစ်သည် မိမိတို့ဘက် ပါဝင်လေမည်လား ဆိုသည့်သဘောပင်ဖြစ်သည်။

သို့ရာတွင် သေးဘဲစ်တို့၏ အမြင်၌မူ အာလက္ခဇန်းဒါး၏ ဆန္ဒကို လိုက်လျောရန် မိမိတို့ဘက်၌ အမြတ်ထက် အရှုံးက ပိုများနေသည်။

ထို့ကြောင့် သေးဘဲစ်တို့၏ အဖြေမှာ မြင်းတပ်နှင့် အပေ့ါစားခြေလျင်တပ်တို့ကို ရှေ့တန်းသို့ လွှတ်လိုက်ခြင်းပင် ဖြစ်သည်။

ထိုတပ်တို့သည် အာလက္ခဇန်းဒါးတို့၏ တပ်ဦးနှင့် ငြိစွန်းမိကြပြီး ထိခိုက်အနာတရနှင့် ပြည်လည် ဆုတ်ခွာသွားကြရလေသည်။

ဤ၌ အာလက္ခဇန်းဒါးသည် မိမိတပ်ကို ဦးဆောင်ကာ အေသင်လမ်းမကြီးပေါ်တွင် ပြောင်ပြောင်တင်းတင်း လျှောက်၍ သူ၏ မြို့စောင့်တပ်ရှိရာသို့ ရှေးရှုချီခဲ့တော့သည်။

ထိုမှသည် အေသင်ခေါင်းဆောင်တို့အနက် နိုင်ငံရေးကြွေးထက် သွေးကြွေးပေးဆပ်ရန်ရှိသူတို့ကို တောင်းဆိုလိုက်လေသည်။

mgyoe.com

mgyoe.com


ရန်သူ၏ ပြန်ကြားချက်မှာ အာလက္ခဇန်းဒါး၏ ရာဇသံတို့ကို ငြင်းဆိုသည့်အပြင် အင်တီပက်ထရိုစ်နှင့် အာလက္ခဇန်းဒါး၏ မြင်းတပ်ကိုယ်ရံတော်တပ်မှူးဖြစ်သည့် ဖီလိုတပ်စ်တို့၏ လည်ချောင်းသွေးကို တန်ပြန်တောင်းဆိုလိုက်ခြင်းပင် ဖြစ်သည်။

သည်အခါ အာလက္ခဇန်းဒါးသည် ရန်သူတပ်ကို တိုက်ခိုက်ရန်အတွက် မိမိတပ်ကို ရုတ်ခြည်း ပြင်ဆင်လိုက်တော့သည်။

သို့စေတိုင် မိမိတပ်များကို တိုက်ခိုက်ရန် အမိန့်မပေးသေးချေ။ ရန်သူ စတင်တိုက်ခိုက်မည့်အချိန်ကို စောင့်ကြည့်နေရင်းမှပင် တပ်ဦးနှစ်ခုတို့ ငြိစွန်းကြလေသည်။

ဤသည်မှာ ပဒေသရာဇ်တပ်တို့ စစ်စည်းကမ်းမဲ့မှုကို ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။

သို့စေကာမူ နောင်တွင် ဤသို့ စစ်စည်းကမ်းမဲ့မှုများ အာလက္ခဇန်းဒါး၏ စစ်ဆင်ရေးတို့တွင် မတွေ့ရတော့ချေ။

အာလက္ခဇန်းဒါးနှင့် ယင်း၏ တပ်များစွဲထားသည့် ခံတပ်သည် မြို့ရိုး၏ တောင်ဘက်တွင် ရှိလေသည်။

သေးဘဲစ်တို့သည် ရန်သူခံတပ်နှင့် ပြင်ပဆက်သွယ်ရေး လမ်းကြောင်းတို့ ဖြတ်တောက်နိုင်ရန်အတွက် မြေကျင်းခံကတုတ် နှစ်ဆင့်မျှ ကာရံထားလေသည်။

ယင်းတို့နှင့် စစ်မျက်နှာမူနေသည်မှာ အာလက္ခဇန်းဒါး၏ လုံ့ကိုင်တပ်ရင်းနှင့် စစ်အစဉ်အလာရှိသော စစ်ခေါင်းဆောင် ဖားဒီးခါ့စ်ဦးဆောင်သည့် တောင်ပေါ်တပ်ရင်းတို့သာ ရှိလေရာ အာလက္ခဇန်းဒါးသည် စတင်စစ်ဆင်လေတော့သည်။

မိမိတပ်တို့သည် ရန်သူခလုတ်တံသင်းတို့ကို ကျော်ခဲ့ပြီးအတွင်းမြို့ရိုးကိုကျော်ကာ နောက်တွင် ရံထားသည့် အတွင်းစည်းအထိ ဝင်နိုင်ခဲ့သည်။

ထိုအခါ၌ အင်ဒရိုမင်းနေလ်၏သား အေမင်တပ်စ်သည် တပ်ရင်းတစ်ရင်းကို ဦးဆောင်လျက် မိမိ၏ အသိအလျောက် မိမိတပ်အင်အားအလုံးစုံကို ပါဒီးခါ့စ်အား ထောက်ကူလိုက်သည်။

mgyoe.com

mgyoe.com

ထိုအချိန်တွင် အာလက္ခဇန်းဒါးသည် စစ်မြေပြင်သို့ရောက်ပြီး အခြေအနေအရပ်ရပ်ကို သုံးသပ်လိုက်သည်။

ဤ၌ သူ၏ လေးသည်တော်တို့နှင့် အဂရီးယားနဲလ်းတပ်တို့ကို ထောက်ကူရန် အမိန့်ပေးလိုက်တော့သည်။

ယင်းအမိပ္ပာယ်မှာ အာလက္ခဇန်းဒါးသည် မိမိလေးတပ်ကြီးကို ဘယ်တော့မှ အထီးတည်း တိုက်ပွဲမဝင်ရစေသော နည်းဗျူဟာအတိုင်း ကျင့်သုံးခြင်းပင်ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် အရန်တပ်တို့ကို လက်ဝယ်ကိုင်ထားလျက် စစ်ပွဲအခြေအနေကို ဆက်လက်သုံးသပ်နေလေသည်။

ပါဒီးခါ့စ်နှင့် ယင်းတပ်သားတို့သည် ရန်သူတပ်ကို ထိုးဖောက်ချီတက်မြဲ ချီတက်လျက်ရှိ၏။

ယင်းသို့ဖြင့် မြို့ရိုးကိုကျော်ခဲ့ပြီး မြို့လယ်လမ်းမကြီးသို့ပင် ရောက်ခဲ့လေသည်။

သို့တိုင် သေးဘဲစ်တို့သည် အချက်အချာကျသော နေရာတွင် ခံမြဲခံဆဲ ရှိနေပေသေး၏။

တိုက်ပွဲသည် ပြင်းထန်လာ၏။

ပါဒီးခါ့စ်သည် မြို့ရိုးအတွင်း၌ ဒဏ်ရာရလေ၏။ မြို့လယ်လမ်းမကြီးမှ ပြန်လည်ခုခံလိုက်သော ရန်သူ၏ တိုက်ခိုက်မှုကြောင့် အာလက္ခဇန်းဒါး၏ တပ်တို့သည် ကစဉ့်ကလျား ဖြစ်ခဲ့ရ၏။ ယင်းတို့အနက် တပ်မှူးအပါအဝင် လေးသည် ၇၀ မျှ ကျဆုံးခဲ့၏။

စစ်ရေးအခြေအနေမှာ မိမိဘက်မှ အကျည်းတန်ဖွယ် အရေးနိမ့်နေသည်မှာ ထင်ရှားလှသည်။ ဤခဏ၌ပင် အရှုံးမှအမြတ် ထုတ်နိုင်သော အာလက္ခဇန်းဒါးသည် ကြိုတင်စီမံချက်မရှိဘဲ အောင်ပွဲခံနိုင်လိုက်လေသည်။

ရန်သူ၏ တန်ပြန်ထိုးစစ်သည် အရှုံးမှအနိုင်သို့ ရုတ်ခြည်း အခွင့်အရေး ရလိုက်သူတို့၏ ထုံးစံအတိုင်း စစ်စည်းကမ်းကို ဖြေချလိုက်ကာ မြင်မြင်သမျှ ရန်သူတို့ကို စည်းမဲ့ဘောင်မဲ့ ထိုးခုတ်သတ်ဖြတ်လေတော့သည်။

သည်နှယ် ရန်သူ့တပ်သားများ အကွပ်အကဲ ပြေနေခိုက်တွင် အာလက္ခဇန်းဒါးသည် သူ့လက်ဝယ် အရန်ချန်ထားသည့် ပင်မတပ်ကို ဖြေချ

mgyoe.com

လိုက်တော့သည်။

ဤတွင် စောစောက အလိမ့်လိမ့်တက်လာသော ရန်သူ့ဒီလှိုင်းသည် မြွေစွယ်ကျိုးနှယ် ပြန်ကျသွားသည်။

သို့ရာတွင် ဒီရေအတက်နှင့် ဒီရေအကျ ကွာခြားမှုမှာ ဒီရေအတက်တွင် အာလက္ခဇန်းဒါးတပ်သားများ အလောင်းချင်း ထပ်မသွားစေကာမူ...

ဒီရေအကျတွင် ရန်သူ့အလောင်းများ ထောင်ချီ၍ ထပ်သွားခြင်းပင် ဖြစ်လေသည်။

အာလက္ခဇန်းဒါးတပ်များသည် ရေစုန်မျောလိုက်သွားကာ ရန်သူ့မြို့ရိုးပေါ်သို့ ကျော်တက်လိုက်ကြသည်။

ရန်သူ့မြို့ရိုးပေါ်တွင် အစောင့်အနေမျှပင် မရှိတော့သဖြင့် ကျော်နင်းရန် လွယ်ကူလှသည်။

ထိုအချိန်တွင် မြို့စောင့်ခံတပ်မှ တပ်သားများနှင့် ထိုးစစ်ဝင်သောတပ်သားများ လက်ချင်းဆက်မိကြပြီး မြို့ကို လုံးဝသိမ်းပိုက်လိုက်နိုင်လေသည်။

ရန်သူမြို့သည်လည်း သွေးပင်လယ်ဝေသွားတော့သည်။ ဤသို့သွေးပင်လယ်ဝေစေရာ၌ မာဆေးဒိုးနီးယန်း စစ်သည်တို့တွင် တာဝန်အနည်းငယ်မျှသာရှိပြီး အိမ်နီးချင်းရှိ မြို့မှ မြို့သူမြို့သားတို့တွင်သာ တာဝန် အများအပြား ရှိလေသည်။

အိမ်နီးချင်းမြို့များမှာ သေးဘဲစ်၏ အနှိမ်ခံဘဝဖြင့် နေခဲ့ရသည်မှာ ကြာပြီဖြစ်၍ အခဲမကျေရှိနေခဲ့ကြရာ ပွဲလန့်ဖျာခင်း ဖွတ်အတင်းဝင်ကာ ရန်ကြွေးဆပ်လိုက်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

သည်အခါ အာလက္ခဇန်းဒါး၏ တပ်များအတွက် နာမည်ပျက်စရာ၊ သိက္ခာကျစရာ ဖြစ်လာရတော့သည်။

စင်စစ် အာလက္ခဇန်းဒါးတပ်တွင် မာဆေးဒိုးနီးယန်းမျှသာမက မဟာမိတ်အရ တပ်များလည်းပါနေရာ ယင်းတို့မှာ ဂရိတ်နှင့်မာဆေးဒိုးနီးယန်းတို့၏ အမြင်တွင် လူရိုင်းများဟု ထင်ရဖွယ်ရှိသော်လည်း အသိဉာဏ်နိမ့်ကျလှသူများ မဟုတ်ပါချေ။

စစ်ပွဲပြီးသည်၏ ညနေခင်းတွင် သေးဘဲစ်အမျိုးကောင်းသမီး

mgyoe.com

mgyoe.com
တစ်ဦးအား သရေစီယံဗိုလ်တစ်ဦးကို လုပ်ကြံသတ်ဖြတ်မှုဖြင့် သရေစီယံ တပ်သားများက အာလက္ခဇန်းဒါး ရှေ့မှောက်သို့ ခေါ်ဆောင်လာခဲ့လေသည်။

အမှန်မှာ သေးဘဲစ် အမျိုးကောင်းသမီးမှာ သရေစီယံစစ်ဗိုလ်၏ အဓမ္မကျင့်ကြံခြင်းကို ခံရရှာသူသာ ဖြစ်သည်။

သို့ရာတွင် တရားလိုအဖြစ် အာလက္ခဇန်းဒါးရှေ့သို့ ရောက်ရှိလာခြင်းမဟုတ်ဘဲ တရားခံအဖြစ်သာ ရောက်ရှိလာခဲ့ခြင်းပါတည်း။

အာလက္ခဇန်းဒါးက စစ်ဆေးလိုက်သောအခါ အမှုမှန်မှာ သည့်နှယ် ဖြစ်၏။

သရေစီယံ အရာရှိသည် အမျိုးသမီးအား ၎င်း၏ ရွှေငွေရတနာများ မည်သည့်နေရာတွင် ဝှက်ထားသည်ကို မေးမြန်းသည်ဆို၏။

သူမက မိမိဥယျာဉ်တွင်းရှိ ရေတွင်းထဲတွင် ဝှက်ထားသည်ဟု ပြန်ဖြေခဲ့သည်ဆို၏။

ထိုမှသည် ရေတွင်းဆီသို့ ရောက်သွားကြပြီး သရေစီယံအရာရှိသည် ရေတွင်းထဲသို့ ငုံ့ကြည့်ခိုက် အမျိုးသမီးက သရေစီယံအရာရှိကို ရေတွင်းထဲသို့ တွန်းချလိုက်သည် ဟူသတည်း။

အမှန်မှု သရေဆီယံအရာရှိသည် သေးဘဲစ်အမျိုးကောင်းသမီးအား လူကိုသာမက ရွှေကိုပါယူရန် ကြံစည်ခဲ့ခြင်းပင် ဖြစ်လေသည်။

သူမ၏အမည်မှာ တီမိုကလီယာဖြစ်ပြီး ရှီရာနီးယားစစ်ပွဲတွင် ကျဆုံးခဲ့သော စစ်သူကြီးသီရာဂျီးနဲ၏ နှမဖြစ်လေသည်။

ယခုစစ်ပွဲ၌ သူမ၏ခင်ပွန်း ကျဆုံးသဖြင့် လတ်လတ်ဆတ်ဆတ် မုဆိုးမလည်း ဖြစ်လေသည်။

အမှုကို ကြားနာစစ်ဆေးပြီးသောအခါ အာလက္ခဇန်းဒါးသည် အမျိုးသမီးအပေါ် တင်သွင်းသည့် စွဲချက်ကို ပလပ်လိုက်သည့်အပြင် ကလေးများနှင့်အတူ အေးချမ်းစွာ သွားလိုရာ သွားခွင့်ပြုလိုက်လေသည်။

သရေစီယံစစ်သည်တို့ ကျေချမ်းမှု၊ မကျေချမ်းမှုအပေါ် လုံးဝ ဥပေက္ခာပြုလိုက်လေသည်။

သည်နှယ် သေးဘဲစ်မြို့သူတစ်ဦးကို ခွင့်လွှတ်နိုင်သော်လည်း
mgyoe.com

အာလက္ခဇန်းဒါးသည် သေးဘဲစ်တစ်မျိုးသားလုံးအပေါ် ခွင့်လွှတ်နိုင်စွမ်း မရှိခဲ့ပါချေ။

သာဓကအဖြစ် ထိထိရောက်ရောက် အရေးယူရန် လိုအပ်သည်ဟု ယူဆခဲ့သည်။

ထို့ကြောင့် အာလက္ခဇန်းဒါးသည် သေးဘဲစ်နှင့် ရန်စောင်နေကြပြီး မိမိနှင့် မဟာမိတ်ပြုထားကြသည့် ဂရိမြို့ပြနိုင်ငံတို့ကို အစည်းဝေးခေါ်ယူကာ သေးဘဲစ်မြို့တော်ကို မည်သို့မည်ပုံ စီရင်သင့်သည်ကို တိုင်ပင်နှီးနှော ခဲ့လေသည်။

အများစု ဆုံးဖြတ်ချက်မှာ ကြိုတင် မျှော်လင့်ထားသည့်အတိုင်းပင် ဖြစ်လေသည်။

အချုပ်မှာ သေးဘဲစ်မြို့ပြတစ်နိုင်ငံလုံးကို မီးလောင်တိုက်သွင်းစေရန် ယင်းသို့ မီးလောင်တိုက်သွင်းရာတွင် ဘုရားရှိခိုးကျောင်းများနှင့် ဘုန်းတော်ကြီးများကို ပါဝင်စေရန်။

စာဆို "ပင်းဒါး"၏ အိမ်ဂေဟာနှင့်တကွ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တို့ကိုမူ ခြွင်းချက်ထားလျက် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် စသည်တို့ပင် ဖြစ်လေသည်။

ထိုဆုံးဖြတ်ချက်အရပင် အာလက္ခဇန်းဒါးသည် သေးဘဲစ်မြို့ကို စနစ်တကျပင် ဖျက်ဆီးခဲ့ပြီး ယင်း၏နယ်မြေတို့ကို အိမ်နီးချင်းမြို့များသို့ အညီအမျှ ခွဲဝေပေးခဲ့လေသည်။

ယင်း မြို့သူမြို့သားများအနက် အမျိုးသမီးနှင့် ကလေးငယ် သုံးသောင်းကို ကျွန်အဖြစ် ရောင်းစားခဲ့လေသည်။

ထိုစစ်ပွဲတွင် သေးဘဲစ်အမျိုးသား ခြောက်ထောင်မျှ စစ်မြေပြင်တွင် ကျဆုံးခဲ့ရလေသည်။

ထိုသတင်းကို ကြားရသောအခါ ဂရိမြို့ပြနိုင်ငံအားလုံးက အာလက္ခဇန်းဒါးကို ဖိန့်ဖိန့်တုန်အောင် ချောက်ချားကုန်ကြလေသည်။

စစ်နိုင်သူတို့က စစ်ရှုံးသူတို့ မြို့များကို ဖျက်ဆီးခဲ့သည့်သာဓကမျိုးသည် ရှေးရှေးကပင် ရှိခဲ့ဖူးပါ၏။ မြင်လည်း မြင်ခဲ့ဖူးပါ၏။

စစ္စလီကို ကာပေဂျီယံတို့ ဖျက်ဆီးခဲ့သည့်ပုံစံမျိုး၊ မြောက်ဘက်

mgyoe.com